# သခင့်စကား
# The LORD's Word

မင်းအောင်သက်လွင်မှီခိုထုတ်ဝေသည် ဝိညာဉ်ရေး ရာ စာစောင်

၉ နှစ်ပြည့် အမှတ်တရ


ငါ့သားတို့ ငါ့စကားကို နားထောင်ကြလော့။ ငါ၏ လမ်းများကို စောင့်ရှောက်သော သူတို့သည် မင်္ဂလာ ရှိကြ၏။ သုတ္တံ ၈း၃၂


အမှတ်စဉ် (၁၀၉) | စက်တင်ဘာလ | ၂၀၁၀ခုနှစ် | စေမှုဒါန (လစဉ်ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ဖြန့်ချိသည်)


## အဆိုးအားဖြင့်အရှုံးမခံ အကောင်းနဲ့အနိုင်ယူ


ရယ်ရယ်မောမော ဝင်ကာနောတော့ လူပေါကြီးလို့ ဆိုပြန်မယ်။
ရောနှော မဝင် တည် ပြန်တော့လည်း ဘဝင်မြင့်တယ် ဆိုပြန်တယ်။
ခေါ်ထူး မေးဖြေ မှန်မှန်နေတော့ ဆိုလေအတင်း ကုပ်ကမြင်း တဲ့
ကဲ - ဖြစ်တဲ့လောကမှာ ဖြစ်သလိုပဲ နေလိုက်ချင်ပါရဲ့
ဩော် တစ်ခုတော့ရှိတယ်...သမ္မာကျမ်းစာက ပြောထား
ဘုရား သားသမီးများ မသဲ ၅း၁၄ ပါ
သင်တို့သည် လောကအလင်း၊ လောကရဲ့ဆား ဖြစ်ဖို့
ဘုရား သားသမီးဖြစ်လို့ အားလုံး ပြောချင်သလိုသာ (ပြောကြ)၂
တို့ကတော့ ခရစ်ယာန်မို့ အဆိုးနဲ့ အရှုံးမခံဘဲ အကောင်းနဲ့ အနိုင်ယူ လိုက်မယ်နော်။
ရောမသြဝါဒစာ ၁၂း၂၁။ (Blessing Htay)



--------------------------------------------------------

## ပေးဆပ်ချင်သူမို့ (နော်သောသီဖော)

လှပ နူးညံ့သော ပန်းပွင့်ငယ်လေး မဟုတ်ပါ။
အသံသာ တေးဆိုကောင်းသော တေးသီငှက်လည်း မဟုတ်ပါ။
ချက်ပြုတ်ကျွမ်းကျင် အိမ်တွင်းမှုပိုင်သော မိန်းမငယ်လည်း မဟုတ်ပါ။
ကျမ်းစာနှံ့စပ် အသိပညာ ကြွယ်ဝ ဉာဏ်ထက်မြက်သူလည်း မဟုတ်ပါ။
ဘာမှ မဟုတ်သော်လည်း ခရစ်တော်၏ အမှုတော်မြတ်၌
အုတ်တစ်ချပ် သဲတစ်ပွင့် ပမာ ပါဝင်ပေးဆပ် ဆက်ကပ်လိုသော
"နှလုံးသား" တစ်စုံသာ ရှိသူမို့ ။



--------------------------------------------------

## ဘဝခရီးသည် ဆာလံ ၁၂၀း၂ (လောကဗေဒ္ဒသည်)

ဘဝတစ်ကွေ့မှာ ခဏတွေ့တော့
တစ်ချို့က အမြတ်ကြီးစားတယ်။ တစ်ချို့က မာန ကြီးတယ်
တစ်ချို့ကတော့ အနိမ်ခံ ဘဝရယ်။ တစ်ချို့က မင်းအသံ ပျားသကာလိုချိုလှတယ်
တစ်ချို့က မင်းရဲ့အလှက ကမ္ဘာပေါ်မှာ အလှဆုံး။
တစ်ချို့က မင်းဟာ ခပ်ညံ့ညံ့လူ။ တစ်ချို့က မင်းဟာအတော်ဆုံး
တစ်ချို့က မင်းရဲ့ဖုန်းနံပါတ်ကလေး အသိတစ်ယောက်ကို ပေးတယ်။
တစ်ချို့က အပြင်ထွက်၍ Shopping မှာပျော်တယ်။
တစ်ချို့က မထိတထိ ပြောတတ်တယ်။ တစ်ချို့က ဘုရားကျောင်းမှာ ပျော်တယ်။
တစ်ချို့က သာပေါင်း ညာစားတယ် ။ ဘယ်လို တစ်ချို့သောသူများနှင့်
တွေ့သော်ငြားလည်း၊ ဖန်ဆင်းရှင် ဘုရားသခင်က ဘဝ တစ်ကွေ့ရဲ့
လှေငယ်ကလေးထဲမှာ။ သစ္စာမရှိတဲ့ နှုတ်၊ လှည့်စားတတ်တဲ့ လျှာ သတိထား။



------------------------------------------

## အတုကမ္ဘာ လချိဒ်လ (ဒူကထောင်)

မိတ်ဆွေ.... အတုတွေ ပေါတဲ့ ကမ္ဘာကြီးမှာ....အစစ် ဆိုတာ ရှားတယ်နော်။
ဆေးဝါး......စားသောက်ကုန်.. လူသုံးကုန်...အီလက်ထရောနစ်.....စက်မှု......
နယ်ပယ်တိုင်းမှာ အတုနဲ့ မလွတ်တဲ့ ကမ္ဘာ။
ယုတ်စွအဆုံး..အချစ်တု.......အပြုံးတု. ခံစားမှုအတု... ပျော်ရွှင်မှုအတု.
ယောက်ျားတု... မိန်းမတု... အတု....အတု.....အတုတွေနဲ့....
နေသားကျနေတဲ့ လူသားတွေ.... ဖောရော.....အတုကမ္ဘာမှာ နေစဉ်ခဏ
အတုမဲ့တဲ့ကယ်တင်ရှင် ဘုရားစစ်ကို..... ကိုးကွယ်ဖို့တော့......လိုတယ်နော်........။

--------------------------------------

## ရှန်းထွက်ခွင့် (က,န,ခ....နန်းရထိုက်)

ကောင်းကင်တစ်ခု အောက်က။ မြေကြီးထု အထက်က
လူသားတွေဖြစ်ကြတာချင်း တူပါလျှက်



အသွင်သဏ္ဍာန်တွေ ကွဲပြားနေလိုက်ကြတာ။ သိက္ခာတွေနဲ့ ဘောင်ခတ်ခြင်း
ဥစ္စာတွေနဲ့ ဘောင်ခတ်ခြင်း။ ပညာတွေနဲ့ ဘောင်ခတ်ခြင်း။
အလှအပတွေနဲ့ ဘောင်ခတ်ခြင်း။ လူ့ဘောင်လောကရဲ့
ဘောင်ခတ်ခြင်းတွေဆီမှ တခဏလောက်ဖြစ်ဖြစ် ရှန်းထွက်ခွင့် ရချင်မိသည်။

--------------------------------------------

## ဘဝရဲ့အဖြေ (နော်ချိုလေး.......အင်းစိန်)

ဘဝမှာ ဘယ်အရာမှ မတည်မြဲပါ။ အရာရာတိုင်း နေ့မြင် ညပျောက်
သင်္ခါရလောကထဲ တစ်ဦးနှင့်တစ်ဦး။ ချစ်ခြင်းမေတ္တာ မရှိရင် လောကမှာ ဘာထူးမှာလဲ။
ရေနစ်သူ တစ်ယောက်ဟာ သူ့အတွက် ကောက်ရိုးတစ်မျှင်က
အားကိုးစရာ ဖြစ်သလိုပဲ။ ပစ်ပယ်ခံရလို့ စိတ်အားငယ်နေသူအတွက်
နားလည်ပေးတဲ့သူ ရှိခဲ့ရင် အဲဒီသူဟာ သူ့အတွက် အားကိုးစရာပါ
အဲဒီ အားကိုးစရာ သူဟာလဲ သခင်ယေရှုခရစ်တော်ပဲ ဖြစ်ပါတယ်။

--------------------------------------------

## အမှားနောက်မှာ (မ...ယုံကြည်သူ)

လကုန်ရက်မို့ ဘော့စ်က ပေးလာ ငါ့လုပ်အားခ ဒေါ်လာ ၄၈၈
ဒါပေမယ့်လည်း မြင်သာမြင်ရ မသုံးရက်တဲ့ ငါ့အခြေအနေ
(ငါ့) သားသား ပညာရေးအတွက် ဖယ်ခဲ့ရ ဒေါ်လာ ၁၀၀.......
(ငါ့) မေမေ ကျန်းမာရေးအတွက် ချန်ခဲ့ရ ဒေါ်လာ ၁၀၀..........
(ငါ့) ညီမ ကျောင်းစရိတ်အတွက် သိမ်းခဲ့ရ ဒေါ်လာ ၅၀..........
အခြား ကိစ္စတွေအတွက် စု ခဲ့ရ ဒေါ်လာ.......
Sunday ရက်မှာ ငွေလှူလိုက်တော့..........
ငါ့အတွက် ဒေါ်လာ ၄၀ တောင် မကျန်တော့ပါလားနော်။ ငါ့ရဲ့မိဘ ငါ့မိသားစုအတွက် ဒေါ်လာတွေ ပို့ခဲ့ပေမယ့် ငါတို့ အားလုံးအတွက် အသွေးကိုသွန်း ကားတိုင်ထက်မှာ အသက်စွန့်သွားတဲ့ ယေရှုဘုရားရှင် ကိုယ်တော်ရဲ့ နှုတ်ကပတ်တော် သမ္မာကျမ်းထဲက အဦးသီး မပြောနဲ့ ဆယ်ဖို့တစ်ဖို့တောင် ထည့်ဖို့ မေ့နေတတ်တဲ့ ငါ့ရဲ့အမှား နှင့် အမှားအတွက် နောက်မကျသေးဘူး အသိစိတ်နဲ့ နောက်လမှ စလို့
ဘုရားရှင်ရဲ့ဘဏ္ဍာငွေ ဆယ်ဖို့တစ်ဖို့ကို ထည့်ဝင်ကြပါစို့.....

------------------------------------

## ပြောပြချင်တယ် Samuel Soe Lwin

အသက်တစ်ရာမနေရ အမှုတစ်ရာကြုံရတဲ့ဘဝမှာ မင်းဘဝ ထာဝရအဆင်ပြေ
လိုအင်တွေဖြည်းဆည်းပေးမည့်သူအကြောင်း. . .
ရတာမလို လိုတာမရ လူ့ဘဝတွေ့ကြုံရခြင်းမှာ မင်းဘဝ ထာဝရလိုအပ်ရာကိုသိ
အမှန်ဖြည့်ဆည်းပေးမည့်သူအကြောင်း. . . ဖြစ်သမျှအခြေအနေ
လိုအင်တွေမှန်သမျှ။ အကောင်းအဆိုး သင့်တင့်မျှစွာသိ
ဒို့အတွက်ထာဝရဖြည့်ဆည်းပေးတဲ့ ။ ခရစ်တော်ဘုရားအား
ယုံကြည်ကိုးစားကြည့်ပါလား. . . ငါ့ဘဝပျို့ါအခြေ အနတ္တသက်သက်ပေမယ့်
ထာဝရမပျက်အခြေ မေတ္တာ၊ သစ္စာတွေဖြင့် ။ ငါ့ကိုလေ ကူညီမစ မှချစိတ်အေးရ။ ။

-------------------------------------------------------

## ကျေးဇူးတော် (Marie Saw Say, မှော်ဘီ)

ပသခါပွဲ (ယုဒ)။ လတစ်လ၏(၁၄)ရက်မြောက် ဟုသုပ်ပင်နှင့် တံခါးဘောင် ထုတ်သွေးသုတ်လိမ်းလို့ တဆေးမဲ့မုန့်၊ အသား၊ အသွေးမီးကင်ကာစား.... ခါးစည်းကိုစည်းလျက် ခြေနင်းကိုစီးလျက် တောင်ဝှေးကိုကိုင်လျက်
အထဲမှာ ခိုလှုံပြင်ဆင်မှုနှင့် နှစ်ပေါင်း ၄၃၀မှ ဒုက္ခနှင့် သားဦး လွတ်မြောက်မှုမှ
ဘုရားသခင်၏ ကျေးဇူးတော်ကို အောက်မေ့ရန်တွက်...
ပွဲတော်(ခရစ်တော်) အရေပြား လှီးခြင်းခံ သန့်ရှင်းသူ
ကျင့်ဝတ် မှန်သမျှ လိုက်နာသူ မိမိကိုယ်ကို ငြင်းပယ်လို့
ထာဝရဘုရားအား ဝန်ခံသူ "ယဇ်ကောင်" (သခင်ခရစ်တော်ကိုယ်တော်တိုင်)

မုန့်၊ အသား၊ စပျစ်ရည်အသွေး ဖြစ်စေလို့
ဤမုန့်ကို စားသောအခါခါတိုင်း ဤခွက်ကိုသောက်သော အခါခါတိုင်း
"ငါ့ကို သတိရ အောက်မေ့ပါ" သားသမီးများ၏ စိတ်ကို သိသော သခင်။

---

## သက်သေခံချက် (အနော)

နောင်တ ဆိုတာ အချိန်နှောင်းမှ နောင်ကာလကျမှ (ငါမှားခဲ့ပါလား) လို့ တရတဲ့အတွက် နောင်တ လို့ခေါ်တွင်တာပါ။ တကယ်ပါပဲ ကိုယ့်ရဲ့ နောက်ကြောင်း ကို ပြန်ပြီးစဉ်းစားမိရင် အရမ်းစိုးရိမ်ကြောက်လန့် မိတယ်။ ကိုယ်လုပ်ခဲ့မိတဲ့ အမှားတွေဟာ ကြောက်စရာ ကောင်းတဲ့အမှားတွေပါ။ အခုမှ၊ အချိန်နှောင်းမှ နောင်တ ရမိတယ်။ ဘုရားရှင်ထံပါး အပြစ်တွေကို ဝန်ခံပြီး အကြိမ်ကြိမ် တောင်းပန်ခဲ့ပါတယ်။ ဒါပေမယ့် ကျမ စိတ်ထဲမှာ လူတွေသိအောင် ဝန်ခံ၊ သက်သေခံချင် နေသေးတယ်။ ၂ကော ၅း၁၀ မှာပါတဲ့အတိုင်း ကပ်ကမ္ဘာ ကုန်ဆုံးလို့ ယေရှုရှင်နဲ့ ပြန်လည်တွေ့ဆုံရင် ဘုရားရှင်က လူ့လောကမှာ အသက်ရှင်ခဲ့တဲ့ အချိန်တုန်းက ကိုယ်လုပ်ခဲ့တဲ့ ကောင်းမှု၊ မကောင်းမှု မှန်သမျှကို ထိမ်ချန် မရ၊ တခု မကျန်ထုတ်ဖော် ပြောကြား ရမှာလေ။ အဲဒီအချိန်ကျရင် ကျမ လုပ်ခဲ့တဲ့အပြစ်တွေကို လောကမှာနေစဉ်၊ မှားမှန်း ကိုယ့်ကိုကိုယ် သိပြီးနောက် ဘုရားရှေ့၊ လူရှေ့မှာ သက်သေခံ ပြီးပြီလားလို့ အမေးခံရရင်၊ ဟုတ်ကဲ့၊ ကျမ သက်သေ ခံခဲ့ပြီးပါပြီလို့ ဖြေချင်တယ်။ ဒါကြောင့် ကျမရဲ့ အပြစ်တွေကို သက်သေခံ ရေး ပြလိုက်ပါတယ်။

ကျမ အသက် ၁၉နှစ် မှာ အိမ်ထောင်ကျပါတယ်။ အိမ်ထောင်သက် ၆နှစ် ကျော်မှာ အကြောင်းအမျိုးမျိုးကြောင့် အိမ်ထောင်ကွဲပြီး လူမမယ် သားလေး ၂ယောက်နဲ့ ကျမဟာ တစ်ခုလပ် ဖြစ်ခဲ့ရပါတယ်။ မကြာခင်မှာပဲ သားတွေရဲ့အဖေ နောက် အိမ်ထောင်ပြုသွားတဲ့ သတင်းကို ကြားလိုက်ရပါတယ်။ အသက် ၂၅နှစ် အရွယ် သား၂ယောက်အမေ တစ်ခုလပ် ဘဝနဲ့ဘဲ အမေအိုကြီးနဲ့ ညီမလေး တွေနဲ့ ဘဝကို ခက်ခဲစွာ ကျမ ရုန်းကန်ခဲ့ရပါတယ်။ (ကျမ အဖေက ကျမ ၁၂နှစ်သမီး အရွယ်ကတည်းက ဆုံးသွားခဲ့ပါပြီ။) ၁၉၉၂ခု ကျမအသက် ၂၅နှစ် အရွယ်တုန်းကဆို ရပ်ကွက်ထဲက မိန်းကလေးတွေ မန္တလေး တက်ပြီး စားသောက်ဆိုင်တွေမှာ စားပွဲထိုး အလုပ် သွားလုပ်ကြတာ ခေတ်စားပါတယ်။ သွားတဲ့ မိန်းကလေး တွေလဲ အဆင်ပြေကြကြောင်း သိရပါတယ်။ ကျမကိုလဲ အရွယ်ရှိတယ်၊ ရုပ်ရည်ရှိတယ် သွားပါလားလို့ တိုက်တွန်း အားပေးကြပါတယ်။ ကျမ လုံးဝ မသွားရဲပါဘူး။ ဘယ်လိုမှလဲ စိတ်မကူးရဲပါဘူး။ နောက်ပြီးတော့ မြန်မာ နိုင်ငံမှာ စီးပွားရေးလာလုပ်တဲ့ နိုင်ငံခြားသား မိသားစုတွေအိမ်မှာ အလုပ် လုပ်တဲ့ သူငယ်ချင်းတွေရှိတယ်။ သူတို့ အဆင်ပြေနေကြတော့ ကျမလဲ (ဘို) အိမ်မှာ သန့်ရှင်းရေး ဖြစ်ဖြစ်၊ ကလေးထိန်း အလုပ်ဖြစ်ဖြစ်ရဖို့ ဘုရားသခင်ဆီမှာ ဆုတောင်းတယ်။ ကျမရဲ့ကလေးတွေ အဖေ ဆီက ဘာအထောက်အပံ့မှ မယူတော့ သား၂ယောက်နဲ့ ဘဝက အဆင်မပြေဘူး။ အားကိုးစရာ ဘုရားသခင် တစ်ပါးဘဲ ရှိပါတယ်။ ဘိုအိမ်မှာ အလုပ်ရဖို့ ဗုဒ္ဓဟူးနေ့တိုင်း ဆုတောင်းစည်းဝေး ည(၇)နာရီမှာ သွားပြီး ဆုတောင်းပါတယ်။ ရင်ထဲမှာ စိတ်နှလုံး ကြေကွဲစွာနဲ့ပေါ့။ ရက်သိပ်မကြာခင်မှာဘဲ ဘုရားသခင်က ဆုတောင်းသံကို နားညောင်းပြီး အင်ဒိုနီးရှားနိုင်သံခြားသား အိမ်မှာ သန့်ရှင်းရေးအလုပ်ကို သူငယ်ချင်း တစ်ယောက်ရဲ့ အဆက်အသွယ်နဲ့ ရခဲ့ပါတယ်။ သံရုံး ဝန်ထမ်း မိသားစုပါပဲ။ အဲဒီ အလုပ်မှာ ကျေးဇူးတော်ကြောင့် အဆင်ပြေစွာ လုပ်ခဲ့ရပြီး နှစ်စေ့လို့ သူတို့ ပြန်သွားကြတော့၊ ဖိလစ်ပိုင်သံရုံး ဝန်ထမ်း မိသားစုအိမ်မှာ လုပ်ရင်းနဲ့ မကြာဘူး ဘုရားသခင် မကြိုက်တဲ့ အလုပ်ကို ကျမ စလုပ်မိပါတယ်။ ဘာလဲဆိုတော့ ချစ်သူ ထားမိတာပါ။ အိမ်ထောင်ကွဲပြီး ၄နှစ်လောက်မှာ ချစ်တဲ့သူ တစ်ယောက်နဲ့ တွေ့ပါတယ်။ ကျမတို့ ရပ်ကွက်ထဲကပါပဲ။ အစိုးရဝန်ထမ်း တစ်ယောက်ပါ။ နေ့ဘက် အစိုးရ ဝန်ထမ်းလုပ်ပြီး ညဖက်ကို ကျမ ကလေးထိန်း အလုပ်လုပ်တဲ့ ဖိလစ်ပိုင်အိမ်မှာ ညစောင့် လာလုပ်ပါတယ်။ သူနဲ့ရင်းနှီးပြီး ခင်သွားတယ်။ ကျမ လိုအပ်လို့ အကူအညီ တောင်းရင် သူက ကူညီတယ်။ နောက်တော့ ချစ်သူတွေ ဖြစ်သွားကြပါတယ်။ နောက်ဆုံး ခန္ဓာကိုယ်ချင်း ရင်းနှီးတဲ့အဆင့်ထိ ရောက်ခဲ့ ပါတယ်။ ကျမ အဲဒါကို အဓိက ထားပြီး ပြောပြချင်တာ၊ ဝန်ခံချင်တာပါ။ အဲဒါဟာ ဘုရား မကြိုက်တဲ့ မတရားသော မေထုန်ကို မှီဝဲတာ တကယ့် ကြီးလေး လွန်းလှတဲ့ အပြစ်ပါ။ မိန်းကလေးနဲ့ ယောကျ်ားလေး ချစ်သူတွေဖြစ်ကြပြီး လက်မထပ်ခင် ခန္ဓာကိုယ်ချင်း ရင်းနှီးခဲ့ရင် အဲဒါ မတရားသော မေထုန်မှီဝဲ တာပါပဲ။ ကျမက တစ်ခုလပ်၊ သူက လူပျိုပါ။ အလုပ်လုပ်တော့လည်း အတူတူ၊ သွားအတူ လာအတူနဲ့ တစ်ယောက်ကို တစ်ယောက် သံယောဇဉ် အရမ်း ရှိကြပါတယ်။ လက်ထပ်ဖို့ကျတော့ သူ့ဘက်က မိဘတွေ အားကိုးနေတဲ့ သားတစ်ယောက်၊ ကျမက တစ်ခုလပ်ဆိုတော့ သဘော မတူကြပါဘူး။ ကျမ ကိုယ်တိုင်ကလည်း သူ့ကိုသိပ်ချစ်တာ မှန်ပေမယ့် လက်ထပ်ဖို့ ဘယ်လိုမှ သတ္တိ မရှိပါဘူး။ ၁ကော ၇း၃၉ မှာ ပါတဲ့အတိုင်း လူရှေ့ဘုရားရှေ့မှာ လက်ထပ် ထားကြတဲ့ ခရစ်ယာန် အိမ်ထောင်တစ်ခုဟာ လူ့သဘောနဲ့ ကွဲကွာလို့ မရပါဘူး။ ဘုရားသခင် စုံဖက်ပေးထားကြလို့ သေခြင်းကလွဲရင် ကွဲကွာလို့ မရဘူး ဆိုတာ ကျမ နားလည်ထားပါတယ်။ ခင်ပွန်းမသေဘဲနဲ့ နောက် အိမ်ထောင် ပြုမယ် ဆိုရင် ကျမရဲ့ အသင်းတော်က အသင်းသားအဖြစ်မှ စာရင်းဖျက်လိုက်မှာ၊ အသင်း တော် အပြင်ကို ထုတ်ခံရမှာ ကျမ အကြောက်ဆုံးပဲ။ ဘုရားရှင်နဲ့ ဝေးကွာ ရမှာလဲ ကြောက်၊ တစ်ဘက်ကလဲ တစ်ရပ်ကွက်ထဲ အတူသွား အတူလာ နေ့တိုင်း မြင်တွေ့ နေတော့ နလုံးသားအလိုကို လိုက်ပြီး သံယောဇဉ်ဖြတ်မရဘဲ စိတ်အလို ကို လိုက်ရင်း သွေးသား အကောင်အထည်ပေါ်လာတော့ ဖျက်ချခဲ့ပါတယ်။ ကျမ အပြစ်က ပိုပြီး ကြီးလာပါတယ်။ သူက ကျမကို လက်ထပ်ဖို့ ပြောပါတယ်။ ကျမ လက်မထပ်ရဲလို့ အမြဲငြင်းပါတယ်။ သား၂ယောက်က ကြီးလာတော့ ပိုပြီး မဖြစ်နိုင်တော့ပါဘူး။ ကျမ သူငယ်ချင်းတစ်ချို့ကပြောတယ်။ ဒီလိုအတွဲမျိုးတွေကို လက်ထပ်ပေးတဲ့ ဆရာတွေ ရှိတယ်တဲ့။ စုံစမ်းကြည့်ပါလားတဲ့။ ကျမ စိတ်မဝင်စား တော့ဘူး။ ကိုယ့်အမှား ကိုပြန်မြင်ပြီး ကြောက်လာ တယ်။ နောက်ဆုံး ကျမ စင်ကာပူကို ထွက်လာပြီး သူ့ကို အဆက် အသွယ် ဖြတ်လိုက်ပါတယ်။ ခုတော့ ဝေးသွားပါပြီ။ ပြီးသွားပါပြီ။ ဒါပေမယ့် ကျမ အပြစ်တွေ ဝန်ခံချင်တယ်။ စိတ်ထဲမှာ စဉ်းစားမိတိုင်း မပျော်ပါဘူး။ စိတ်ထဲမှာ လေးနေတယ်။ ဘုရားရှင်ဆီမှာ ဒီအပြစ်တွေကို အကြိမ်ကြိမ် ဝန်ခံ တောင်းပန်ခဲ့ ပါတယ်။ ဆာလံကျမ်း ၃၂း၃-၅မှာ ပါတဲ့အတိုင်း ကျမကို ဘုရားရှင်ရှေ့နှင့် လူတွေရှေ့ကို သက်သေခံဖို့ တွန်းအား ပေးတဲ့ ကျမ်းပိုဒ်လေးပါ။ ကျမရဲ့ အပြစ်တွေကို လူတွေ မသိပေမယ့် ဘုရားရှင် သိနေတယ်။ ကျမ လူရှေ့ ဘုရားရှေ့မှာ သက်သေခံဖို့ ရည်ရွယ်တာ ကြာ ပါပြီ။ အလုပ် မအား၊ စာရေးချိန် မရှိလို့ ခုမှ ရေးဖြစ်ပါတယ်။ အပြစ်ကို ဖုံးကွယ် ထားလို့ မရပါဘူး။ ကိုယ့်ရဲ့ အပြစ်တွေကို ဘုရားရှင်ထံ ဝန်ချတောင်းပန်လျှင် ဘုရား ရှင်က ခွင့်လွှတ်ခြင်းနဲ့ လွှမ်းခြုံပေးပါ လိမ့်မယ်ဆိုတာကို သက်သေခံ ဝေငှလိုက် ပါတယ်။ မောင်ငယ်။ ညီမငယ်။ အစ်ကို အစ်မများလဲ ကျွန်မလို မမှားဖို့ သိလျှက်နှင့် လုပ်မိ သောအမှား အတွက် နောင်တမျက်ရည်နဲ့သာ သက်သေ ခံ ရေးသား လိုက်ပါ တယ်။ ... (အနော)

---

## အချိန်မနှောင်းခင် F- penny (mizo) တမူး

အေးမြတဲ့ ဆောင်းဒီဇင်ဘာ နေ့တစ်နေ့ရဲ့ နံနက်ခင်းမှာ နှင်းမှုံလေး များနဲ့ အတူ လေပြေလေညှင်းလေးတွေ တိုက်ခတ်ရင်း၊ ကျေးငှက်လေးတွေရဲ့ သာယာ နာပျော်ဖွယ် တွန်ကျူးသံများ ကြားရလျက်ရှိ၏။ ထိုလှပတဲ့ နံနက်ဆည်းဆာရဲ့ အလှတွေကို ခံစားချိန် မရပဲ လုံးဝ မထင်မိ မထင်မှတ်ထားတဲ့ အရာတွေကို ကြုံတွေ့ခဲ့ရပါတယ်။ ခုနေခါမှာ ပြန်စဉ်းစားရင်း တမြေ့မြေ့ ခံစားရပါတယ်။ အရမ်း စိတ်ထိခိုက် ဝမ်းနည်းခဲ့ရပါတယ်။ ကိုယ်တိုင် ကြုံတွေ့ရတဲ့ အဖြစ်အပျက် မဟုတ်ပေမယ့် ကိုယ်တိုင်ကြုံတွေ့နေရ သလို ခံစားခဲ့ရပါတယ်။ အဖြစ်ကဒီလိုပါ။

စင်ကာပူမှာ ကျွန်မ ကြည့်ရှု စောင့်ရှောက်တဲ့အဘွားက (၇.၂.၂၀၀၈) ခုနှစ် မှာ အဖရဲ့ အေးချမ်းတဲ့ အိမ်တော်မှာ နားခိုခဲ့ပြီးဖြစ်ပါတယ်။ ဒီလို ကြည်နူး ရွှင်လန်း စရာ ကောင်းတဲ့ နေ့သစ်ရဲ့ နံနက်ခင်းလေးမှာ ကျွန်မတို့ တစ်မိသားစုလုံး မှာတော့ ဝမ်းနည်း ကြေကွဲ လျက် ရှိနေကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မရဲ့ (အလုပ်ရှင် သူဌေးမ) Mum ရဲ့ချစ်သော မိခင် လူ့ လောကကြီးထဲက ထွက်ခွာသွားခဲ့လို့ပါပဲ။ အဲဒီအချိန်မှာ Mum က ဝိညာဉ်မဲ့ပြီးဖြစ်တဲ့ သူ့မိခင်ရဲ့ ခန္ဓာကို ဖက်ပြီး "မာမီ ဘာဖြစ်လို့ အခုလို အစောကြီး ထွက်ခွာ သွားရ တာလဲ။ သမီးလေ မာမီ့ကို ပြုစုဖို့ ကြံမယ်ရှိ သေးတယ် ဒါပေမယ့် မာမီက လက် မခံတော့ပဲ သမီးနဲ့ အဝေးဆုံးကို ထွက်ခွာသွားခဲ့ပြီနော်။ သမီး ဘယ်လိုမှ လက်ခံ ယုံ ကြည် လို့မရဘူး" ဆိုပြီး ငိုကြွေးခဲ့ပါတယ်။ Mum မှာ မောင်နှမ ငါးယောက် ရှိပါတယ်။ မိန်းကလေး လေးယောက်နဲ့ ယောကျ်ားလေး တစ်ယောက်ပါ။ အဲဒီလို ဝမ်းနည်း ပူဆွေးဖြစ်ကြတဲ့အချိန်မှာ မောင်နှမတွေ တစ်ယောက်ပြီး တစ်ယောက် ရောက်ရှိ လာကြ ပါတယ်။ ဒါပေမယ့် တစ်ဦးတည်းသော ယောကျ်ားလေး ဖြစ်တဲ့ Mum ရဲ့ မောင်လေးက ရောက်ရှိမလာသေးပဲ ဖြစ်နေတယ်။ အဲဒါနဲ့ ဖုန်းဆက် ခေါ်ကြ တယ်။ ဖုန်းဝင်ပြီး အဖြေပေးမယ့်သူက မရှိဘူး။ Hand Phone ကိုခေါ်ကြ ပြန်တော့လည်း ခေါ်မရ ဖြစ်နေပါတယ်။ တစ်ပူပေါ် နှစ်ပူဆင့်ဆိုသလို အားလုံးက စိတ်ပူ ကြပြီး နောက်တော့ Mum ရဲ့အစ်ကိုကြီးတို့ လင်မယားက သူတို့ ကားနဲ့ သူ့မောင် လေးကို ခေါ်ဖို့ အိမ်မှ ထွက်ခွာသွားကြပါတယ်။ အဲဒီအချိန်မှာ ကျွန်မလည်း Mum ရဲ့ မောင်လေးကို



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ (ကိုးနှစ်ပြည့်အမှတ်တရ) အမှတ်စဉ် ၁၀၉ ။ စက်တင်ဘာလ ၂၀၁၀ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန် အသင်းတော်များအတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

မျှော်နေမိခဲ့တယ်။ ညီအစ်မတွေ အားလုံးရောက် ကြတာတောင်မှ သူက ယောကျ်ားလေးလည်းဖြစ်ပြီး အခုထက်ထိ ရောက်မလာသေးဘူးဆိုတဲ့ မကျေနပ်ပဲ အပြစ် တင်ချင်မိတဲ့ စိတ်လေးနဲ့ပေါ့။ နောက် ၂နာရီအကြာမှာ အိမ်တံခါးရဲ့ ခေါင်းလောင်း တီးသံလေး မြည်လာတဲ့ ခဏတာ အချိန်လေးမှာ ကျွန်မ အပြေးအလွှား တံခါးကို ဖွင့်လိုက်ပါတယ်။ ဟာ – အရမ်း ကြေကွဲနေတဲ့ မျက်လုံးလေးတစ်စုံနဲ့ စိတ်ဓါတ် အကျ ကြီးကျပြီး ဘာ ခွန်အားမှ မရှိတော့ပဲ ထိလိုက်မိတာနဲ့တင် ပြိုလဲတော့မယ့်အတိုင်း အားလျော့စွာ တံခါးရှေ့မှာ ရပ်နေတဲ့ Mum ရဲ့မောင်လေးကို တွေ့မြင်လိုက် ရပါတော့တယ်။ ကျွန်မစိတ်ထဲ အခုနလေးတင် တွေးထင်မိလိုက်တဲ့အထင် အမှားကြီး မှားသွားကြောင်း သိရှိလိုက်ရပါတယ်။ သူအရမ်းကို ကြေကွဲ ခံစားနေရရှာပါလား။

ဘာကြောင့် ဒီလိုဖြစ်ရတာလဲဆိုပြီး ထင်မှတ် မထားတဲ့အချိန်မှာ မထင်မှတ်တဲ့ အရာတွေကသူ့ကို ဆီးကြိုနေပါတော့တယ်။ သူ့ကို အရမ်းချစ်တဲ့၊ သူကလည်း အရမ်းချစ်တဲ့ မိခင်။ ဒီလောကကြီးထဲက ထွက်ခွာသွားတယ်ဆိုတာ အစ်မတွေက သူ့ရဲ့အိမ်ကို လိုက်လာပြီး ပြောမှသိခွင့်ရတဲ့အတွက် ပိုပြီးကြေကွဲ ခံစားလျက် ဖြစ်နေပါတယ်။ ချစ်သောမိခင်ရဲ့ ဝိညာဉ်မဲ့ခန္ဓာကို ဖက်ပြီး “မာမား သားရောက်လာပြီလေ၊ သားကို စကားလေးတစ်ခွန်းလောက် ပြန်ပြောပါ။ သား မာမားကို ချစ်တယ်။ သားလာရင် အမြဲပျော်ရွှင်တတ်တဲ့ မာမား၊ အခုတော့ ဘယ်လို ဖြစ်နေတာလဲ၊ မာမားရဲ့ အပြုံးလေးတစ်ချက် သားကိုပြန်ပေးပါ” ဆိုပြီး ရင်ထဲကြိတ် ခံစားလျက် ငိုကြွေးခဲ့ပါတယ်။ သူ မနေ့က ကျွန်မကို ဖုန်းဆက်ပြီး သူလာချင် ပေမယ့် မအားလို့မလာတော့မယ့် အကြောင်း အမေ့ကို ပြောပေးပါတဲ့။ သူမနေ့က မလာဖြစ်ခဲ့လို့အမေ့ကို စကားလေးတွေ တတွတ်တွတ် ပြောနေပေမယ့် သူ့ရဲ့အမေက ပြန်ပြီး မတုံ့ပြန်နိုင်တော့ပါဘူး။ အဲဒီအချိန်မှာ(အဘွား)ကို ပြုစုခဲ့တဲ့ ကျွန်မအရမ်းကို ဝမ်းနည်းပြီး ငိုကြွေးခဲ့မိပါတယ်။ နောက်မြန်မာပြည်မှာရှိတဲ့ ချစ်သော မိဘနှင့် မောင်နှမတွေကို အရမ်းသတိရ နေမိပါတယ်။ ဒီလိုအဖြစ်မျိုး မကြုံတွေ့ရသေးပေမယ့် မကြုံတွေ့ပါရစေနဲ့လို့ ထာဝရ ဘုရားသခင် ဆီမှာ ဆုတောင်းနေမိတယ်။ သူတို့ကိုကြည့်ပြီး ကိုယ်ချင်းစာမိပါတယ်။ သူတို့တွေရဲ့ အဖြစ်အပျက်တွေကို တွေ့ရှိ ခံစားပြီးတဲ့နောက် အသိတရားရရှိဖို့ အချိန် မနှောင်းမီ သတိပေးလိုက်တဲ့ အဖဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းမိပါတယ်။ ကျွန်မ ကိုယ်တိုင်ကြုံတွေ့ခဲ့မယ်ဆိုရင် ဘယ်လို ဖြေသိမ့်ရမှန်းမသိ ဖြစ်နေမှာ အမှန်ပါ။ ယနေ့ အချိန်အထိ ကျန်းမာခြင်းကို ပေးပြီး စောင့်ရှောက်တဲ့ ထာဝရဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူးတော် ကြီးမြတ်လှပါတယ်။ ဒါနဲ့ နောက်နေ့မှာပဲ မြန်မာပြည်ကို ဖုန်းခေါ်ပြီး အပါးနဲ့ အနူး မောင်နှမ အားလုံးကို အရမ်းလွမ်းတယ်၊ ချစ်တယ်ဆိုပြီး ကျန်းမာရေးကို ဂရုစိုက်ကြဖို့နဲ့ အဖဘုရားသင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းဖို့ အကြိမ်ကြိမ် မှာလိုက်မိပါတော့တယ်။ စာဖတ်သူ ညီအစ်ကိုမောင်နှမအားလုံးကို အချိန်မနှောင်းခင်မှာ မြင့်မိုရ်တောင် မက ကြီးမားလှတဲ့ မိဘရဲ့မေတ္တာ၊ မိဘရဲ့ ကျေးဇူးကြီးမားလှကြောင်းနဲ့ ဖေဖေ မေမေတို့ကိုချစ်တဲ့ သားသမီးများ ဖြစ်ကြစေလိုတဲ့အကြောင်း ပြောပြဖို့အတွက် မသိနိုင်တဲ့ မနက်ဖြန်နေ့ရက်ကို မစောင့်ပဲ ဒီနေ့ ဒီအချိန်မှာပဲ ဆက်သွယ်ပြီး နှောင်းမှရတဲ့ နောင်တ မဖြစ်ကြပါစေနဲ့လို့ အနည်းငယ်ဝေမှ သက်သေခံလိုက်ပါတယ်။ အယောက်စီတိုင်း မိမိ ထမ်းဆောင်တဲ့ အလုပ်အပေါ်မှာ ဘုရားသခင် ကောင်းကြီးပေးပြီး ထာဝရ ဘုရားသခင်ရဲ့ အလိုတော်နဲ့အညီ မိဘကို ချစ်ခင်တဲ့သား၊ သမီးကောင်းများ ဖြစ်နိုင်ကြပါစေ။ (ဖေက် ၆း၁–၃) **F- penny (mizo)** တမူး

---

## ပုရွက်ဆိတ်နှင့်လူပျင်း

မာရာနသာနီနီခိုင်

*သင်သည် ကောင်းစားသောအခါ ငါသတိပေး၏။ သင်က နားမထောင်ဟု ပြန်ပြော၏။ ငယ်သော အရွယ်မှစ၍ ငါ့စကားကို နားမထောင် နေမြဲနေ၏။ ယေရမိ ၂၂း၂၁*

*နွား သော်လည်း မိမိအရှင်ကို သိ၏။ မြည်းသော်လည်း မိမိသခင်၏ မြည်း စောင်းကိုသိ၏။ ဣသရေလ အမျိုးမူကား ငါ့ကိုမသိကြ။ ငါ၏လူမျိုးမူကား မဆင်ခြင် တတ်ပါတကား။ ဟေရှာ ၁း၃*

ကျွန်မတို့ဟာ ဘုရားသခင်ရဲ့ကျေးဇူးကို မသိတတ်ခြင်းအတွက်ကြောင့် ဘုရား သခင်ရဲ့ စကားကိုနားမထောင်၊ ကိုယ်ထင်သလို ကြိုက်သလို အသက်ရှင်တတ်တဲ့ အတွက် ကျွန်မတို့က ဘုရားသခင်က ဘာလုပ်စေချင်သလဲ ဘာကို လုပ်ခိုင်း သလဲ ဆိုတာလဲ မသိ၊ မနာခံ၊ မလုပ်ဆောင်ပဲနေပြီး အသိခေါက်ခက် အဝင်နက်နေတဲ့ အတွက် ကျမ်းစာက *ငါ၏လူမူကား ထာဝရဘုရားစီရင်တော်မူခြင်းကို နားမလည်တတ်။ ယေရမိ ၈း၇ လို့ဆိုထားပါတယ်။*

ယနေ့ ကျွန်မအသက်တာအတွက် ဆင်ခြင်နှလုံးသွင်းမိစေရန် ဘုရားသခင် သတိ ပေးထားတဲ့ အရာတစ်ခုရှိပါတယ်။ အဲဒါကတော့ မသိသူကျော်သွား သိသူ ဖော်စား ဆိုသလိုပါပဲ။ ကျွန်မကို သခင် အမိန့်ရှိတဲ့ စကားလေး တစ်ခွန်းကတော့ အောက်ပါ ကျမ်းချက်လေးဘဲ ဖြစ်ပါတယ်။ *အချင်း လူပျင်း ပုရွက်ဆိတ်ထံသို့သွား၍ သူ၏ အပြု အမူတို့ကို ဆင်ခြင်သဖြင့် ပညာရှိစေလော့။ ပုရွက်ဆိတ်သည် ဆရာ မရှိ၊ ပဲ့ပြင်သောသူ မရှိ၊ မင်း မရှိပဲလျက် နွေကာလနှင့် စပါးရိတ်ရာ ကာလ၌ မိမိ အစာကို သိုထားတတ်၏။ သုတ္တံ ၆း၆–၈*

ကျွန်မကို ဘုရားသခင်က ပုရွက်ဆိတ်ရဲ့ အပြုအမူကို လေ့လာ နမူနာ အတုယူ ခိုင်းတာဟာ ဘာကြောင့်လဲဆိုတာ စဉ်းစားစရာပါပဲ။ ကျွန်မတို့ကို ဘုရားသခင်နဲ့ သဏ္ဍာန်တူအောင် ဖန်ဆင်းထားပြီး ဇီဝအသက် (ဝိညာဉ်) မှုတ်သွင်း ထားပေမယ့် ကျွန်မတို့ဟာ ပုရွက်ဆိတ် လောက်တောင် အသိဥာဏ်မရှိ လို့ပဲပေါ့။ ပုရွက်ဆိတ်ကို နှုတ်ကပါတ်တော်အရ လေ့လာရင် သူတို့မှာ အသိပညာ၊ အတတ်ပညာ၊ သင်ကြားပေးမယ့် ဆရာ မရှိ၊ ကောင်း မကောင်း အုပ်ချုပ်ပေးမယ့် သူလည်း မရှိပါဘူး။ ဒါပေမယ့် သူတို့ဟာ နွေကာလနဲ့ စပါးရိတ်ရာ ကာလမှာ အစာကို ကြိုးစားပြီး သယ်ယူပါတယ်။ သတ္တဝါ အများကြီးထဲမှာမှ ပုရွက်ဆိတ်လို သေးငယ်တဲ့ သတ္တဝါလေးဆီမှာ နည်းလမ်း ယူခိုင်းတာ လျှို့ဝှက်ချက်တစ်ခုပဲ ဖြစ်ပါတယ်။ လူ အပါအဝင် အခြားသော သတ္တဝါ များဟာ ရန်ထောင် မာန်စောင်ပြီး ခိုက်ရန် ပြုတတ်လို့ပေါ့။

ပုရွက်ဆိတ်ရဲ့ အပြင်ပိုင်း ဆိုင်ရာ လှုပ်ရှားမှုကို ကြည့်ရင် လက္ခဏာများကို အောက်ပါအတိုင်း တွေ့မြင်နိုင်ပါတယ်။

ပျင်းရိခြင်းမရှိ၊ ဇွဲလုံ့လနှင့် ကြိုးစားခြင်း၊ အချင်းချင်း အကောင်စေ့ ထိပ်တိုက် နှုတ်ဆက်နိုင်ခြင်း၊ ထမ်းရွက်စရာ ဝန်ချင်းကို မျှဝေ၍ စည်းလုံးညီညွတ်စွာ ထမ်းဆောင်ခြင်း၊ မနာလို ဂုဏ်ပြိုင် မာန်မာနမရှိ၊ ရန် မဖြစ်ခြင်း။

ယနေ့ ကျွန်မတို့က ပုရွက်ဆိတ်နဲ့ ဆန့်ကျင်ဘက် အသက်ရှင်ရပါတယ်။ အသိပညာ အတတ်ပညာ သင်ကြားပေးတဲ့ ဆရာ၊ ကောင်းရာကို သွန်သင်ပေးတဲ့ မိဘ လူကြီး များနှင့် စီမံအုပ်ချုပ်ပေးသော ခေါင်းဆောင်နဲ့ တရားအားလုံးကို ခံယူတတ်စေဖို့ အာရုံ ငါးပါးကို ဘုရားသခင် ပေးထားသလို ကိုယ်စိတ်ထင်သည် အတိုင်း အသက်ရှင် ကြပါတယ်။ ကျွန်မတို့ဆီမှာရှိတဲ့ လက္ခဏာများကတော့

ပျင်းရိခြင်း (*တံခါးရွက်သည် စရွေး၌လည်သကဲ့သို့ ပျင်းရိသောသူသည် အိပ်ရာပေါ်မှာလည်တတ်၏။ သုတ္တံ ၂၆း၄*)

အချင်းချင်း ရန်ငြိုးဖွဲ့ပြီး လူချင်း ထိပ်တိုက်ဆုံမိရင် တွေ့မိရင် နှုတ်မဆက်နိုင် ခြင်း (*သင်တို့သည်လည်း ညီအစ်ကိုအချင်းချင်းတို့ကို စိတ်နှလုံးပါလျက် အပြစ် မလွှတ်လျှင် ကောင်းကင်ဘုံ၌ရှိသောငါတို့အဘသည် ထိုနည်းတူ သင်တို့ကို စီရင်တော်မူလတ္တံ့။ မဿဲ ၂၈း၃၅*)။ ဟေရောဒိရဲ့ ရန်ငြိုးဖွဲ့မှုကြောင့် ဗတ္တိဇံ ဆရာ ယောဟန် ခေါင်းဖြတ်အသတ်ခံရခြင်း မဿဲ ၆း၁၈,၂၄။

ထမ်းရွက်စရာ ဝန်ချင်းတွေ့ရင် မသိချင်ယောင် ဆောင်သွားခြင်း (လု ၁၀း၃၀–၃၇ မှာ သခင်ယေရှုရဲ့ ဥပမာကလေးက လမ်းမှာဓါးပြတိုက်ခံရတဲ့ လူနာ တစ်ယောက်ကို ယဇ်ပရောဟိတ်နှင့် လေဝိ လူနှစ်ယောက်ဟာ လွှဲရှောင် သွားခြင်း။ ဒီလူနှစ်ယောက်ဟာ ဘုရားသခင်ရဲ့အမှုတော်ကို ဆောင်ရွက်နေတဲ့ လူနှစ်ယောက်ပါ။ ကြင်နာတဲ့ နှလုံးသား ပိုင်ရှင် ရှမာရိ လူသာ လူနာကိုပြုစုပြီး စောင့်ရှောက်တယ်ဆိုတဲ့ ပုံပမာ စကား ပေးခြင်း ဖြစ်ပါတယ်။ (*ဆင်းရဲသောသူ၏အော်ဟစ်သံကို မကြားလို၍ နားပိတ်သော သူသည် ကိုယ်တိုင်အော်ဟစ်၍ အဘယ်သူမျှမကြားရ။ သုတ္တံ ၂၁း၁၃) ထမ်းရွက်စရာ ဝန်ချင်းတို့ကို အချင်းချင်းကူညီ၍ ထမ်းရွက်သောအားဖြင့် ခရစ်တော်၏ တရားကို ကျင့်ကြလော့။ ဂလာ ၆း၂*

အချင်းချင်း မချစ်နိုင် (မေတ္တာမပြ)၊ မနာလိုဂုဏ်ပြိုင် မာနထောင်လွှားခြင်း (*ထိုသူတို့သည် မနာလိုသောစိတ်နှင့် ယေရှုကိုအပ်နှံကြောင်းကို ပိလတ်မင်း သိ၏။ မဿဲ ၂၇း၁၈*)

ဒီကနေ့ လောကကြီးထဲမှာ ဘာကြောင့်အသက်ရှင်ခိုင်းသလဲဆိုရင် (*ငါမသေရသေး အသက်ရှင်၍ ဘုရား၏အမှုတော်တို့ကို ကြားပြောရဦးမည်။ ဆာ ၁၁၈း၁၇*)။ ကျွန်မတို့ ဘုရားသခင်ရဲ့ အမှုတော်ကို ဘယ်လိုကြားပြောရဦးမလဲဆိုရင် လုကာ ၅း၁၇–၂၆ ထဲက အဖြစ် အပျက်လေးနဲ့ ဆင်ခြင်ရအောင်။ အဲဒီအဖြစ်အပျက်ကတော့ သခင်ယေရှု တရားဟော ပွဲမှာ ဆုံးမဩဝါဒ ပေးတဲ့အချိန်မှာ ပါဝင်ကြတဲ့ လူတန်းစားများကတော့ “ယေရုရှလင်မြို့မှစ၍ ယုဒပြည် ဂါလိလဲပြည် မြို့ရွာများတို့က ရောက်လာသော ဖာရိရှဲတို့ နိသျှရည်းဆရာတို့သည် ထိုင်လျက်ရှိကြ၍” လူတွေဟာများပြားလွန်း၍ ကြပ်ညှပ်နေမှာပါပဲ။ အဲဒီမှာ အနာရောဂါကို ငြိမ်းစေခြင်းငှာ ဘုရားသခင် ဘုန်း ထင်ရှားစေဖို့ အတွက်ကတော့ “ထိုအခါ လက်ခြေသေသောသူတစ်ယောက်ကို အိပ်ယာ နှင့်တကွ အထံတော်သို့ဆောင်ခဲ့၍ ရှေ့တော်၌သွင်းထားခြင်းငှာ ရှာကြံကြ၏။ လူစုဝေး လျက်ရှိသောကြောင့် ဝင်စရာလမ်းကို မတွေ့သဖြင့် ” လူနာကို သခင်ယေရှုဆီ ရောက်အောင် ဘယ်လိုမှ မပို့နိုင်ပါဘူး။ ရှေ့ဆုံးမှာထိုင်နေတဲ့ ဖာရိရှဲ၊ ကျမ်းပြုဆရာ၊



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ (ကိုးနှစ်ပြည့်အမှတ်တရ) အမှတ်စဉ် ၁၀၉ ။ စက်တင်ဘာလ ၂၀၁၀ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန် အသင်းတော်များအတွင်း အခမဲ့ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

ခရစ်ယာန် တွေကြောင့် အပဟန်အတားဖြစ်နေတာမို့ သူ့ကိုသယ်လာတဲ့ အဖော်များဟာ ကြိုးစား ပမ်းစားနဲ့ သူငယ်ချင်းကို ခရစ်တော်နဲ့တွေ့ပြီး အနာရောဂါငြိမ်းစေဖို့အတွက် "အိမ်ခေါင်မိုး ပေါ်သို့တက်၍ အုတ်မိုးကိုဖောက်ပြီးမှ လူနာကို အိပ်ရာနှင့်တကွ လူများ အလယ် ယေရှု၏ရှေ့တော်သို့ လျှော့ချကြ၏။" ဒီအဖြစ်က သူငယ်ချင်းကို ခရစ်တော်နှင့် တွေ့ရန် အတူတကွ စည်းလုံးညီညွတ်စွာ အပင်ပန်းခံပြီး ကြိုးစား၍ သခင်ယေရှုဆီ အရောက် ပို့ခဲ့သော ဇာတ်ကွက်တစ်ခုပဲ ဖြစ်ပါတယ်။ မိတ်ဆွေ ဒီအကြောင်းနဲ့ ပတ်သက်ပြီး ဒီလူများရဲ့ ကြိုးပမ်းမှုကို မြင်ကြည့်ပြီး ပုရွက်ဆိတ်ကို ကြည့်ပါ။ ထမင်း တစ်စေ့(အစာ)ကို သယ်ယူတဲ့အခါမှာ တစ်ကောင်တည်းမနိုင်ရင် အုံလိုက် ဝိုင်းသယ် ကြပြီး သူတို့ရဲ့ နေအိမ်ကို အရောက်ပို့ကြပါတယ်။

"ဘုရားသခင်၏ အလိုတော်သည် ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့သို့ မြေကြီး ပေါ်မှာပြည့်စုံပါစေသော်။ မဿဲ ၆း၁၀" ဘုရားသခင်ရဲ့အလိုတော် မြေကြီးပေါ်မှာ ပြည့်စုံ စေရန်အတွက် ကျွန်မတို့ရဲ့နှလုံးသားကို ဆန်းစစ်ပြီး ငါဟာ သခင်ယေရှုဆီ ဝင်ချင်တဲ့ လူကို ဟန့်တား နေတဲ့လူအုပ်ထဲမှာ ပါသလား ဒီလူ၄ဦးဟာ လူတစ်ယောက်ကို သခင်ယေရှုဆီ သယ်ပြီး ပို့ဆောင်သွားပုံ၊ ထမင်းတစ်စေ့ကို ပုရွက်ဆိတ်တစ်စုသယ်ပြီး အိမ်ကို ပို့ပေးသလို ကျွန်မတို့လည်း အထက်ပါလူ၄ဦးဟာ လူတစ်ယောက်ကို ခရစ်တော် ဆီကိုပို့ပေးသလို၊ ပုရွက်ဆိတ်တစ်စုဟာ ထမင်းတစ်စေ့ကိုသယ်ပြီး နေအိမ် ကိုပို့သလို သခင်ယေရှု ပြန်လာမယ့်အချိန်နီးကပ်နေလို့ ယုံကြည်သူအချင်းချင်း စည်းလုံး ညီညွတ်စွာနဲ့ ခရစ်တော်ကိုမသိသေးတဲ့သူကို လိုက်ရှာပြီး ခရစ်တော်အကြောင်းပြောပြီး သူတို့အတွက် ထာဝရ နေအိမ်ရှိတဲ့ သခင်ယေရှုရဲ့ရင်ခွင်သို့ အရောက်ပို့နိုင်သော ယုံကြည်သူ အယောက်စီတိုင်းဖြစ်နိုင်ကြပါစေ။ *မာရာနသာ နီနီခိုင်*

---

## သက်သေခံချက် (အားချာ)

ကျွန်မ သက်သေခံဖို့အတွက် ပြင်ထားတာ ကြာပါပြီ။ သို့သော် သက်သေ မခံဖြစ်ခဲ့ဘူး။ အခုတော့ ခရစ်တော်ဘုရားဟာ ကျွန်မရဲ့ စိတ်ကို တိုက်တွန်း ပေးလို့ သက်သေခံခွင့် ရတဲ့အတွက်ကြောင့် ဘုရားသခင်ကို ရှေးဦးစွာ ကျေးဇူးတော် ချီးမွမ်း ပါတယ်။ လူတော်တော်များများက ပြောတယ်၊ ချစ်ခြင်းတရားလို့ ပြောကြ တယ်။ ကျွန်မ ဘဝမှာတော့ အချစ်ထက် တရားက ပိုမှန်ပါတယ်။ ကျွန်မမှာ တစ်ဝမ်းကွဲ အစ်ကို တစ်ယောက်ရှိပါတယ်။ အဒေါ် အရင်းခေါက်ခေါက်က မွေးတဲ့သားပါ။ အစ်ကို့နာမည်က အားဖီ လို့ခေါ်ပါတယ်။ သူ့မှာလည်း ညီမ အရင်းမရှိ၊ ကျွန်မမှာလည်း အစ်ကို အရင်း မရှိပါဘူး။ တစ်ဝမ်းကွဲ အစ်ကို နဲ့ ကျွန်မလည်း ငယ်ငယ်တုံးက တစ်ယောက်နဲ့ တစ်ယောက် သူမသိ ကိုယ်မသိနဲ့ ရပ်ဝေးမှာ ခွဲကွာနေကြပါတယ်။ ၂၀၀၄/၂၀၀၅ ခုနှစ် ကျွန်မ ဆယ်တန်း ဖြေခါနီးမှာ ပေါ်ထွက်လာခဲ့တဲ့ အစ်ကိုဟာ ကျွန်မ မျက်စိထဲမှာ ကိုရီးယား မင်းသားလေးထက် ခန့်တယ်လို့ ထင်ခဲ့ပါတယ်။ ကြီးလာမှ တွေ့ကြတဲ့ မောင်နှမ ဟာ အရမ်းချစ်ကြပါတယ်။ ကျွန်မရဲ့ အသည်းတွေ ကြွေလု မတတ်အောင်ကို တအား ချစ်တယ်။ အစ်ကိုဟာလည်း ကျွန်မရဲ့ အသည်းနှလုံးနဲ့ ထပ်တူထပ်မျှပါပဲ။ ချစ်ရည်းစား ဆိုရင်တောင် ဒီလောက်ထိ မချစ်နိုင်ဘူးလို့ ရဲရဲဝံ့ဝံ့ ဝန်ခံရဲပါတယ်။ ဒီလိုနဲ့ ၇း၁၀း၂၀၀၇ တနင်္ဂနွေနေ့မှာ အစ်ကို ရေးသားခဲ့တဲ့ ညီမအစ်တွက် စာစောင် ဆိုတာ ရပါတယ်။ စာရေးရခြင်းဟာ အစ်ကိုဟာ နောက်ဆုံးနှစ် ဓမ္မကျမ်းစာကျောင်းပြီးလို့ ကျွန်မရဲ့ မိဘအိမ်မှာ နားနေချိန်ပါ။ ကျွန်မကတော့ ကိုယ့်ရည်ရွယ်ချက်နဲ့ အကူ သူနာပြု သင်တန်း ၄လပြီးလို့ ဆေးဝါးကျွမ်းကျင်ဆိုပြီး ဖွင့်တဲ့ သင်တန်းတွေ၊ အင်္ဂလိပ်စကား သင်တန်း တွေနဲ့ ရန်ကုန် စံပြရုပ်ရှင်ရုံ၊ ဘုရားလမ်း၊ ဆိပ်ကမ်းသာလမ်း တိုနီထွန်းထွန်းရဲ့ အပေါ်ထပ်မှာ သူငယ်ချင်းတွေနဲ့ အဆောင်ငှားပြီး ကြိုးစား နေခဲ့ပါတယ်။ အစ်ကို့ရဲ့ စာကို ရပြီး ဖတ်လိုက်ရချိန်မှာ ကျွန်မရဲ့ နှလုံးသားကြေမွပြီး မျက်လုံးတွေဟာ ပင်လယ် ကြီးထဲက ရေလို ဖြစ်သွားပါတယ်။ အစ်ကို့ရဲ့ စာလေးကိုလည်း ထည့်ပြီး ရေးပြပါရစေ။ "လူဆိုတာ ဆုံတွေ့ခွင့်နဲ့ ခွဲခွာခြင်းဆိုတာရှိတာမို့ ဝမ်းနည်းပါတယ်။ ဒါပေမယ့် မခွဲမခွာတဲ့ ကောင်းကင် ဘုံနန်းမှာတော့ ပြန်လည်ဆုံဆည်းဖို့ပဲပေါ့နော်... ညီမကိုချစ်တဲ့ အစ်ကို"။ ဆိုတဲ့ စာသားလေးပါပဲ။

၁၅း၂း၂၀၀၈ ညဟာ ထူးထူးခြားခြား အရမ်းချမ်းတဲ့ညပါ။ ၂လပိုင်းမှာပဲ မေမေ ကလည်း နယ်ကိုရောက်နေပါတယ်။ ကျွန်မရဲ့အိမ်မှာ ကျွန်မ သူငယ်ချင်းရယ် အစ်ကိုရယ် ၃ယောက်ပဲရှိနေခဲ့တယ်။ ကျွန်မရဲ့ အစ်မဟာ ခြံချင်းကပ် သူ့အိမ်နဲ့သူပါ။ အဲဒီညဟာ ကျွန်မတို့မောင်နှမရဲ့ နောက်ဆုံး တွေ့ဆုံခွင့်နဲ့ ခွဲခွာရမယ့်အချိန်ပါ။ နောက်နေ့ ၁၆ရက်ဆို အစ်ကိုဟာ ကိုရီးယား Music ကျောင်းကိုပြန်ရမယ်၊ ကျွန်မ ကလည်း စင်္ကာပူနိုင်ငံကို ထွက်ဖို့ ၅ရက်ပဲ လိုတော့တယ်။ ကျွန်မရဲ့ ပွဲစားက ကျွန်မရဲ့ ဆရာမ ဖြစ်တယ်။ သူကလည်း စင်္ကာပူ ရောက်ရင် နိုင်ငံဝင်ခွင့် အင်တာဗျူး ဖြေရမှာမို့ သူ့ အိမ်ကိုပြန်ရမှာပါ။ မောင်နှမနှစ်ယောက် ခွင့်ယူပြီး တွေ့ရတဲ့အချိန်မှာ မှတ်မှတ်ရရ အေးကလည်း အေး ဒီလိုနဲ့ ကျွန်မရဲ့သူငယ်ချင်း ဘေးနားမှာ အိပ်ပျော်နေတာတောင် သတိ မထားမိတဲ့ထိ သူလည်းငို ကိုယ်လည်းငိုနဲ့ မှားလုလု နီးပါးထိ သတိလက်လွတ် ဖြစ်သွားခဲ့တယ်။ ခွဲခွာရမယ့် အချိန်ဟာ တစ်နေ့ မဟုတ်။ နာရီပိုင်းသာ ရှိပါတော့တယ်။ အချိန်တွေကို ကျွန်မ မပိုင်တော့သလို အစ်ကိုလည်း မပိုင်တော့ပါဘူး။ အချစ်နဲ့ ကြားမှာ တရား ဆိုတာကို ခရစ်တော်ဘုရားက ပေးလာခဲ့တဲ့အတွက် မောင်နှမ နှစ်ယောက် သတိ ရှိခဲ့ပါတယ်။ "၂ကော ၆း၁၄ မယုံကြည်သောသူနှင့် တွဲဖက်၍ ဆန့်ကျင်ဘက် ဖြစ်သောထမ်းပိုးကို မထမ်းကြနှင့်။ တရားသောအမှုသည် မတရားသောအမှုကို အဘယ်သို့ လက်ခံ နိုင်မည်နည်း။ အလင်းသည်မှောင်မိုက်နှင့် အဘယ်သို့ ဆက်ဆံနိုင် မည် နည်း။" ဒီကျမ်းပိုဒ်လေးဟာ ကျွန်မ အတွက် ခွန်အားဖြစ်ခဲ့ပါတယ်။

နောက်ဆုံး အကြောင်းလေးကတော့ တိုက်ဆိုင်လွန်းလှပါတယ်။ ဒီအကြောင်း ကိုတော့ ဘုရားရှင်နဲ့ ကျွန်မ သာလျှင် သိရခြင်းပါ။ တစ်ခါက အစ်ကိုဟာပြောဘူးတယ် သူ့မှာ အမေ မရှိတော့ဘူး။ အဒေါ်ဟာ ကင်ဆာရောဂါနဲ့ သေဆုံးသွားသူပါ။ သူ့အဖေဟာ နောက်အိမ်ထောင် ပြုခဲ့ပါတယ်။ မိထွေးဟာ အရမ်း ဆိုးပါတယ်။ သူဟာ မိဘမဲ့ တစ်ယောက်ဆိုပြီး အားငယ်ကာ ဘဝ ပျက်လုဆဲဆဲ အချိန်ပါ။ သူ့ အသက် ၁၆နှစ်မှာ အဒေါ်ကဆုံးသွားခဲ့တယ်။ ဦးလေးဟာ ဘဝသစ်နဲ့ ၄နှစ်လုံး ခေါင်ရည်က အဖော် ဖြစ်ခဲ့ပါတယ်။ အသက်၂၁နှစ်မှာ ခရစ်တော်ဟာ ရွေးကောက်ထားတယ်ဆိုတာ သူ သိရပြီး ကျမ်းစာကျောင်း ဝင်ခဲ့ပါတယ်။ အဲဒီကစပြီး မိဘမဲ့ ကလေးကျောင်းမှာလည်း Sunday school သင်ကြားရင်း သူ့ရင်ထဲမှာ သူတစ်နေ့ မိဘမဲ့ ကလေးတွေကို မွေးနိုင်ဖို့ ဖေးမဖို့ ဆုတောင်းနေခဲ့တယ်။ ယခုထိ ရင်ဖွင့်ပြပါတယ်။ ကျွန်မ အံ့ဩတာက ဘာဖြစ်လို့တိုက်ဆိုင်လွန်းသလဲ။ ကျွန်မရဲ့ ရည်ရွယ်ချက်က မိဘမဲ့ကလေးတွေကို မွေးမယ် ပြီးတော့ သူတို့လေးတွေရဲ့ ဘဝကို ဘုရားရှင်နဲ့လမ်းပြမယ်၊ ခရစ်တော်ရဲ့ အစေခံ လေးတွေ ဖြစ်လာအောင် ပံ့ပိုးပေးမယ်၊ ဆင်းရဲတဲ့အသင်းတော်၊ ကျမ်းစာ ကျောင်းတက် ရင်း ငွေရေးကြေးရေး ဒုက္ခရောက်နေတဲ့ ကျောင်းသူကျောင်းသားတွေထဲက သင့်တော်ရာ သင့်လျော်ကြောင်းကို ဂုဏ်ပကာသန မပါပဲ ဖြူဖြူစင်စင် ပေးလှူပြီး မိမိကိုယ်တိုင် ခရစ်တော်ရဲ့ အကြောင်းကို အားတက်သရော မဝေငှ မဟောနိုင်ပေမယ့် တစ်ထောင့် တစ်နေရာကနေ ခရစ်တော်အတွက် အစေခံကျွန်အဖြစ်နဲ့ ဆက်ကပ်ဖို့ ဆုတောင်း ခဲ့ပါတယ်။ ယခုထိ ရည်ရွယ်ချက်တွေ တူနေကြောင်း အစ်ကို့ကို ကျွန်မ မပြောပြခဲ့ပါဘူး။ ကျွန်မရဲ့ ရည်ရွယ်ချက်တွေက မြန်မာပြည်မှာ အလုပ်က မကောင်း၊ ကျွန်မ လူနာ စောင့်တာ ၁လမှ ခုနှစ်သောင်းပဲရတာ ဝမ်းရေးတောင်အနိုင်နိုင် မိဘမဲ့ကလေးကို ဘယ်လို ကျွန်မ မွေးနိုင်မှာလဲပေါ့။ ဘုရားသခင်ဟာ ကျွန်မကို သူ့ရဲ့ အစေခံအဖြစ်နဲ့ လက်ခံ အသုံးပြုဖို့ရန် လမ်းဖွင့်ပေးခဲ့ပါတယ်။ စင်္ကာပူသို့ ပို့ဆောင်ပေးခဲ့ပါတယ်။ ကျွန်မရဲ့ ရည်ရွယ်ချက်ကို တစ်နေ့တော့ ဘုရားရှင် ပြည့်စေမယ်လို့ ယုံကြည်ကြောင်းပါ။ စင်္ကာပူ ရောက်ပြီး ၃လလောက်မှာ အစ်ကိုဟာ Music ကျောင်းက ထွက်ရပါတယ်။

ဘာကြောင့် လဲဆိုတော့ သူ့ကိုဘုရားရှင်က မြန်မာပြည်ရဲ့ နယ်စပ် ကော့သောင်းမှာ နောင်တတရားနဲ့ ဓမ္မအမှုတော်ဆောင်ဖို့ ပို့ပေးခဲ့ကြောင်း သတင်း ရရှိခဲ့ပါတယ်။ နောက်ဆုံး ကျွန်မ ရေးပြချင်တာက မောင်နှမရဲ့ ချစ်ခြင်းကြားမှာ ခရစ်တော်ရဲ့ တရားက နှလုံးသားကိုဝင်ရောက်ပြီး ကိုယ်စီရင်ထဲမှာပဲမျိုသိပ်ပြီး ယေရှုရဲ့ အစေခံတွေ အဖြစ်ခံယူဖို့ နားလည်လိုက်ကြပါတယ်။ ဒီလိုနဲ့ စင်္ကာပူမှာ ရောက်နေခဲ့တဲ့ ကျွန်မရဲ့ နှလုံးသားထဲက စကားလေးကိုလည်း ရေးပြပါရစေ။ "လူဆိုတာ ဆုံတွေ့ခွင့်နဲ့ ခွဲခွာခြင်း ဆိုတာရှိတာမို့ ဝမ်းနည်းပါတယ်။ ထာဝရ မခွဲမခွာ နေရဖို့ ကောင်းကင် ဘုံနန်းထက်မှာ ပြန်လည်ဆုံဆည်းဖို့... ညီမ ချစ်သော အစ်ကို"။ ဖတ်ရှုသောသူတိုင်း ခွန်အားပေးချင်တာက လောကဓါတ်က မမြဲပါဘူး။ ခရစ်တော်ထံသာလျှင် မြဲမြံခြင်းပါ။ ယေရှုနာမတော်မြတ်၌ ... *အေးအေးဝင်း (အားချာ)*

---

## သက်သေ (၂) candlelight.25

ကျွန်မ တောင်ကြီးတွင် နေစဉ် အူ အတက် ပေါက်၍ ခွဲစိတ်ရပါသည်။ တိုက်တိုက် ဆိုင်ဆိုင် ကျွန်မ အဖွားသည်လည်း ချော်လဲ၍ ခြေထောက် ကျိုးသွားသည်။ ကျွန်မ အစ်ကို တစ်ယောက်သည်လည်း နေမကောင်း၍ ဆေးရုံတက်ရသည်။ အဖွားကိုတော့ အသက်ကြီးပြီ ဖြစ်၍ အိမ်တွင်သာ ဆရာပင့်၍ ကုသခဲ့သည်။ ဤစ်ကို တက်သော ဆေးရုံနှင့် ကျွန်မ တက်သော ဆေးရုံကလည်း တောင်နှင့် မြောက်မို့ အိမ်သားများ အလုပ် ရှုပ်ကြရသည်။ ကျွန်မ အတွက်တော့ ချုပ်ရိုး မဖြေ သေး၍သာ ဆေးရုံတွင် နေရသည် ဆိုပေမယ့် ဘာမှ ပူစရာမလိုပါ။ ထို့ပြင် ကျွန်မ ကျောင်းတက်စဉ် လက်တွေ့ ဆင်းခဲ့သော ဆေးရုံဖြစ်၍ ဝန်ထမ်း အားလုံးနှင့် ရင်းနှီးပြီးသား ဖြစ်သည်။ ထို့ကြောင့် အိမ်သား များအား ကျွန်မအတွက် စိတ်မပူကြရန် ပြောကြားခဲ့၍ ခွဲသည့် နေ့ တစ်ရက်သာ သူတို့မျက်နှာကို ကောင်းကောင်း တွေ့ခဲ့ရသည်။ ဘုရားသခင်၏ ပြင်ဆင် ပေးမှုကြောင့် ကျွန်မ၏ သူငယ်ချင်းတစ်ဦးသည် လာ၍ ပြုစုပေးခဲ့သည်။ သူမသည် ဆေးခန်းတွင် နေ့ တာဝန်ယူ၍ ညတွင် ကျွန်မကို လာပြုစုရသည်မှာ



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ (ကိုးနှစ်ပြည့်အမှတ်တရ) အမှတ်စဉ် ၁၀၉ ။ စက်တင်ဘာလ ၂၀၁၀ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန်
အသင်းတော်များအတွင်း အခမဲ့ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

ပင်ပန်းလှသဖြင့် မလာရန် တားမြစ်ခဲ့သော်လည်း ကျွန်မ ဆေးရုံဆင်းသည့် နေ့အထိ အဖော် ပြုပေးခဲ့သည်။ အခြား သူငယ်ချင်းများကတော့ အဝေးသင် စာမေးပွဲ ဖြေနေ၍ မအားလပ် ကြပါ။ သူမ သည်လည်း အမှန်တော့ ကျောင်း မပြီးသေးပါ။ မိသားစု စီးပွားရေး အခက်အခဲကြောင့် သူ့ညီမ များကို ဦးစားပေး၍ ထိုနှစ်က သူမ စာမေးပွဲ မဖြေခဲ့ပါ။ ထိုမျှ ခက်ခဲစွာ ရုန်းကန်နေရသည့်ကြားမှ ကျွန်မအတွက် အခမဲ့ မေတ္တာ ပြခဲ့ပါသည်။ ကျွန်မ အနေနှင့် ထူးထူးခြားခြား ကျေးဇူး မတုံ့ပြန်နိုင်ခဲ့သော်လည်း သူမ အတွက်အမြဲသတိရ ဆုတောင်းပေးခဲ့သည်။ ခွင့်ပြည့်၍ အလုပ်ပြန်ဝင်သောအခါ သူမ၏ မိသားစု စီးပွားရေးများ တစ်ခုပြီးတစ်ခု လမ်းပွင့်လာ၍ အဆင်ပြေနေကြောင်းကြား သိရသည်။ ကျွန်မ မျက်ရည်ကျ၍ ကျေးဇူးတော်ချီးမွမ်းခဲ့ပါသည်။ အမှန်တော့ လူရှေ့ ဘုရားရှေ့တွင် ဝန်ခံရလျှင် ကျွန်မ ဘုရားသခင်ကို မေးခွန်းများစွာ မေးမိပါသည်။

ဘာကြောင့် ဒီလောက် ဒုက္ခတွေလာဆုံနေရတာလဲလို့။ ဘုရားသခင် ကျွန်မတို့ မိသားစုကို ဒဏ်ခတ် စွန့်ပစ်ထားသည်ဟု ခံစားခဲ့ရပါသည်။ အမှန်မှာတော့ ဘုရား သခင်သည် သူ့သားသမီးကို ပြုစုသည့်သူကိုပင် ဤမျှကောင်းချီး ပေးလျှင် ကျွန်မ တို့အတွက် ပြင်ဆင်ပေးထားသော ကောင်းချီးများသည် ထိုထက်ကြီးမားကြောင်း သိနိုင် ပါသည်ဟု ဝန်ခံလျှက်... တဖန်တုံ အမွေခံ မည်သည်ကား ဥစ္စာရှိသမျှကို ပိုင်ထိုက် သောသူ ဖြစ်သော်လည်း အရွယ် မရောက်မီ ကာလပတ်လုံး အစေအပါး ကျွန်နှင့် တူ၏။ (ဂလာတိ ၄း၁) **candlelight.25**

---

## အသက်အရွယ် (သို့) အမှတ်တမဲ့မှသည်အမှတ်တရသို့

ထာဝရဘုရားကို မျှော်လင့်သောသူတို့မူကား အားပြည့်ကြလိမ့်မည်။ ရွှေလင်းတ ကဲ့သို့ မိမိအတောင်ကို အသစ် ပြုပြင်ကြလိမ့်မည်။ (ဟေရှာ ၄၀း၃၁)

အချိန်နာရီ၊ နေ့ရက်၊ နှစ်တွေကုန်လွန်ပြီး ကျွန်မတို့ အသက်တွေက ကြီးလာ ကြပါတယ်။ ဥပမာ ကျွန်မတို့ အလုပ်သက်တမ်း၊ အိမ်ထောင် သက်တမ်း၊ စတင်တဲ့ လုပ်ငန်း တစ်ခုရဲ့ သက်တမ်းကို ကျွန်မတို့ ရေတွက်လေ့ ရှိကြပါတယ်။ အများနဲ့ ဆိုင်တဲ့ လုပ်ဆောင် ချက်တွေမှာ နှစ်ပတ်လည် အစီအစဉ်တွေ၊ ကျေးဇူးတော် ချီးမွမ်းခြင်းတွေ လုပ်လေ့ ရှိကြပါတယ်။ တစ်နှစ်တာရဲ့ ကုန်လွန်ခဲ့တဲ့ အချိန်ကာလကို အသိအမှတ်ပြု ဝမ်းသာ ဂုဏ်ယူခြင်းလို့သာ ခံယူရမှာပါပဲ။ စက်တင်ဘာ ၂၀၀၈ခုနှစ်မှာ သခင့်စကား အမှတ်စဉ် (၈၅) ၇ နှစ်ပြည့် အမှတ်တရလို့ တွေ့လိုက်ရပါတယ်။ အဲဒီအချိန်တုန်းက ကျွန်မ သခင့်စကား စာစောင်ကို စတင် သိတာ (၁၀)လဘဲ ရှိပါသေးတယ်။ စသိရတဲ့ (၁၀)လအတွင်း Editor ရဲ့ ဖိတ်ခေါ်ချက်အရ အလျင်းသင့်သလို စာမူလေးများ ပေးပို့ဖြစ်ပါတယ်။ ကျွန်မ ဘယ်သူ ဆိုတာ သူ မသိပေမယ့် မေ၂၀၀၉မှာ Editor မှ သခင့်စကား အမှတ်တံဆိပ်နဲ့ key change လက်ဆောင်ပေးချင်လို့ တွေ့ဆုံ မိတ်ဆွေ ဖွဲ့ခွင့် ရခဲ့ပါတယ်။ သိချင်တာ လေးတွေ အနည်းငယ် စပ်စုပြီး ၈နှစ်ပြည့်မှာ တွေ့ဆုံနိုင်ဖို့ ခွင့်တောင်းထားလိုက်ပါတယ်။ ထို အချိန်ခဏတာလေး ရင်းနှီးခွင့်ရလိုက်ပေမယ့် June လမှာတော့ ဆိုး၊ မင်းအောင် သက်လွင်၊ ကိုမေတ္တာ(သင်းအုပ်ဆရာ) တို့၏ ထစ်ခြုန်းသောမိုးကြိုးသံ စာအုပ်ငယ်မှ "ကျွန်တော်နှင့် စင်္ကာပူ" သူ့ရဲ့ဖြစ်ရပ်မှန် သက်သေခံချက်ကို ဖတ်ရပြီး စံနမူနာ ယူရလောက်တဲ့ သူ့ရဲ့ လုပ်ဆောင်ချက်နဲ့ သာဓကေ များကို ဖတ်ရပြီး ပို၍လေးစားဂုဏ်ယူ မိပါတယ်။ စံနမူနာ ပြစရာ မှတ်တိုင်အဖြစ် လက်တွေ့ပြဖို့ အထောက်အကူ ရသွားပါ တယ်။ စင်္ကာပူ အမှတ်တရလေးများ လို့သာဖြင့်...

တကယ်တော့ ကျွန်မ စင်္ကာပူမှာ အလုပ် လာလုပ်တာပါ။ ဘုရားရှင်ဟာ ကျွန်မ အနားမှာ အစဉ်ရှိနေပေမယ့် မြန်မာဘုရားကျောင်းကို ၂နှစ်တိတိ သွားခွင့် မရခဲ့ပါဘူး။ တခါတလေ အဲဒီလို စာတန်ကို မတွန်းလှန်နိုင်ခဲ့တဲ့ အချက်လေးတွေဟာ အမှတ်တရ ဖြစ်ခဲ့ရပါတယ်။ အိမ်ရှင်ရဲ့ "ငါတို့ ဘုရားကျောင်းလည်း ဘုရားကျောင်းပါပဲ" ဆိုတဲ့ စကားကို အမှတ်တမဲ့ ကျေနပ်နှစ်သိမ့်ခဲ့ရပါတယ်။ ၂နှစ်ပြည့်လို့ မြန်မာ ဘုရား ကျောင်းကို သွားရတဲ့အချိန်မှာ အသက်အရွယ်ရလို့ ထွက်ပေါက်ရတယ်လို့ ဆိုရလေ မလား၊ အကျယ်ချုပ်လို့ ခံစားနေရတဲ့ ဝေဒနာလေးများ သက်သာရာရသွားပါတယ်။ ဘုရားရှင်ရဲ့ ကျေးဇူးတော်ကို အတိုင်းထက်အလွန် ချီးမွမ်းမိပါတယ်။ ထို့ပြင် မရေတွက် နိုင်သော အမှတ်တရများမှ အမှတ်စဉ် ၉၇ စက်တင်ဘာလ ၂၀၀၉ ခုနှစ် (၈)နှစ်ပြည့် အမှတ်တရ ဓမ္မဒါနဟာ ဒါနပြုသူရဲ့ စေတနာမေတ္တာကြောင့် ဖတ်လိုက်ရတဲ့ ကျွန်မ အဆီ အနှစ် ပြည့်စုံတဲ့ ဝိညာဉ်အစာများကို ရရှိခဲ့ပါတယ်။ စာရေးသူတစ်ဦးစီရဲ့ အကြောင်း အရာ လေးများကို အမှတ်မထင် ဖတ်လိုက်ရပေမယ့် မိမိ အသက်တာနဲ့ ယှဉ်ပြီး အမှတ်တရ ထိတွေ့ ခံစားလိုက်ရတာကြောင့် ထိုစာရေးသူများကို ကျေးဇူး အထူး ဥပကာရ တင်ကြောင်း သခင့်စကားမှ တစ်ဆင့် ဖွင့်ဟလိုက်ပါတယ်။ ရှေ့ဆက်လာမည့် စာမူ များကိုလည်း ယုံကြည်ခြင်းနဲ့ မျှော်လင့်နေပါတယ်။ စာရေးသူတို့ အထဲမှ ယခု လက်ရှိ အသက်အရွယ် ရလောက် ရောက်နေပြီလို့ ထင်ရတဲ့ ဆရာမင်းဟာသီာ (အင်းစိန်)ရဲ့ သက်သေခံ တင်ပြချက်လေးအား ခွန်အားရ၍ ဒီအကြောင်းအရာလေးကို ရေးဖြစ်တာပါ။ ကျွန်မလည်း တစ်ချိန်ကတော့ လူငယ်၊ ယခုတော့ လူကြီး ဖြစ်နေပြီမို့ ဆင်ခြင် သုံးသပ်မိတာပါ။

ချစ်သော မိတ်ဆွေ ကျွန်မ လောကီပညာ ဆယ်တန်း မအောင်ပါဘူး။ ရည်ရွယ် ချက်ဖြစ်တဲ့ အမှုတော်ဆောင် ဆရာမနဲ့ သူနာပြုဆရာမ အလုပ်ကိုလဲ မဖြစ် မြောက်ခဲ့ ပါဘူး။ အသက် ၂၀နှစ်ကစပြီး စားဝတ်နေရေးအတွက် ကူးသန်း ရောင်းဝယ် ရေး လုပ်ငန်းများကိုဘဲ လုပ်ဖြစ်ခဲ့ပါတယ်။ ၁၀နှစ်လုံးလုံး စားနိုင်သောက်နိုင်ရုံ လုံးလည် ချာပြား တော်တော်လေး ရုန်းကန်ခဲ့ရပါတယ်။ အသင်းတော်မှာလည်း အချိန်ပြည့် ပါဝင် မဆက်ကပ်နိုင်ပဲ လူငယ်ခေါင်းဆောင် ရွေးချယ်တာတောင်မှ တစ်ကြိမ်တစ်ခါ ရတဲ့ အခွင့်အရေးကို လက်မခံနိုင်ခဲ့ပါဘူး။ အသက် သုံးဆယ် ရောက်တဲ့အထိ ဘဝ အာမခံ ချက် ဘာတစ်ခုမှ မရှိသေးပါဘူး။ အသက် ၃၁နှစ် ရောက်မှသာ အကူသူနာပြုသင်တန်း ဖလ တက်ခွင့်ရခဲ့ပြီး ထမင်းစားလက်မှတ်လေး ရခဲ့ပါတယ်။ စဉ်းစားကြည့်ရင် ကျွန်မတို့ တွေ အလုပ်တစ်ခုကို အချိန်မှီ လုပ်ချင်ပါတယ်။ ဒါပေမယ့် နောက်ကျမှ လုပ်ရတာနဲ့ ကြုံကြုံရတတ်ပါတယ်။ (ဂလာ ၄း၄) မှာ အချိန်ကာလစေ့သောအခါ သားတော်ကို ဘုရားသခင် စေလွှတ်တော်မူ၏။ ကယ်တင်ရှင်ကြွလာမည်ကို ကြာမြင့်စွာစောင့်ဆိုင်းပြီး တိကျသော အချိန်မှာ ပေါ်ထွန်းခဲ့ပါသည်။ ယေရှုဖွားမြင်ခြင်းနဲ့ပတ်သက်ပြီး ရှင်ပေါ လုက ဖော်ပြထားပါတယ်။

ကျွန်မတို့တွေ အသက်ကြီးလာချိန်မှာ ကိုယ်လုပ်ချင်တာ တစ်ခုခု ဖြစ်လာ ပါ့မလားလို့ သံသယလေးများရှိတတ်ပါတယ်။ လုပ်ချင်တာဖြစ်စေရ မယ်လို့ စိတ်တွေ မတင်းထားနိုင်ပဲ ခန္ဓာပိုင်းဆိုင်ရာတွေချိနဲ့လာပြီ၊ မှတ်ညာဏ်တွေ ငယ်စဉ်ကလို မထက်မြက်တော့ဘူး စသောဘုရားရှင်ထံမှ မျှော်လင့်ထား သမျှကို အားလျှော့ တတ်ကြပါတယ်။ (က ၁၇း၁၅–၂၂)မှာ ဘုရားသခင်က အာဗြဟံနှင့်စာရာကို သား တစ်ယောက် ရမယ်လို့ ဂတိပြုတဲ့အခါ အာဗြဟံက မယုံနိုင်ပဲ "အသက်တစ်ရာ ရှိသော သူသည် သားကိုရလိမ့်မည်လော။ အသက်ကိုးဆယ်ရှိသော စာရာသည် သားကို ဘွားလိမ့်မည်လော။"(က ၁၇း၁၇) ဟု ဆိုခဲ့ပါတယ်။ ထိုနောက် စာရာကလည်း ငါလည်း အိုပြီ၊ ငါ့သခင်လည်း အိုပြီ။ သို့ဖြစ်၍ငါသည် မွေ့လျော်ခြင်း ရှိလိမ့်မည်လော။ (က ၁၈း၁၂) ဟု ပြက်ရယ်ပြု ပြန်ပါတယ်။ (က ၁၈း၁၄) "ထာဝရဘုရား မတတ်နိုင်သော အမှု တစ်စုံတစ်ခု ရှိသလော။ ချိန်းချက်သော ဘွားချိန်စေ့သောအခါ သင့်ဆီသို့ ငါပြန် လာ၍ စာရာသည် သားကို ရလိမ့်မည်။" အထက်ပါ ကျမ်းပိုဒ်လေးများအားဖြင့် ကျွန်မရဲ့ ယုံကြည်ခြင်းကို ဖော်ပြချင်တာပါ။ ကျွန်မရဲ့ ယုံကြည်မျှော်လင့်ထားတဲ့ သူနာ ပြုခြင်း၊ အမှုတော် ဆောင်ခြင်းဟာ ကျွန်မရဲ့ အသက်တာ အပိုင်းအခြားမှာ ကျွန်မ ယုံကြည် ထားတဲ့ အတိုင်း ဒွန်တွဲ လုပ်ဆောင်လို့ နေပါလားဆိုတာ အမှတ်တမဲ့ သတိ မထား မိလိုက်ပေမယ့် အမှတ်တရ လေးများအားဖြင့် သိရှိခံစားလိုက်ရပါတယ်ဆိုတာ အကျယ် မချဲ့တော့ပဲ ဒီလောက်နဲ့သာ မိတ်ဆွေများကို ဘုရားရှင်ရဲ့ သန့်ရှင်းသော ဝိညာဉ်တော် သွန်သင်လမ်းပြခြင်းအားဖြင့် အနည်းငယ် ဝေငှလိုက်ပါတယ်။ ထာဝရဘုရားကို ယုံကြည်စွာ မျှော်လင့်နိုင်ကြပြီး အသစ်သော အသက်တာများ ရယူနိုင်ကြပါစို့။ ။ **Marry** (ဖျာပုံ)

---

## ထမြောက်ခြင်း အရှင်သခင် ယေရှုခရစ်တော် (အန်ဒရူး)

"အသက်ရှင်သော သူလည်းဖြစ်၏။ ငါသည်အရင်သေသည်ဖြစ်၍၊ ကမ္ဘာ အဆက်ဆက် အသက်နှင့်ပြည့်စုံ၏။..."(ဗျာ၊၁း၁၈)

**ချစ်စွာသောမိတ်ဆွေ၊** သင်သည် ချစ်ခင်ရသူတဦး၏သင်္ချိုင်းတွင်းအနား ရပ်နေခဲ့ဘူး ပါသလား။ သင်၏ အလွန် မြတ်နိုးချစ်ခင်ရသူ၏ကိုယ်ခန္ဓာကို မြေသို့ ချနေစဉ် ကြည့်ရှု လျက် အလွန် ဝမ်းနည်း ခဲ့ရပါသလား။ သို့ဖြစ်သော် သေခြင်းသည် ကြောက်ဖွယ်သော ရန်သူဖြစ်ကြောင်း သင်သည် နားလည် ရပြီ။ ကျွန်ုပ်တို့မသေမီ ကျွန်ုပ်တို့အတွက် သခင်ယေရှု ချီဆောင်ခြင်းငှါ ကြွလာခဲ့ခြင်း မရှိခဲ့သေးလျှင် ကျွန်ုပ်တို့အယောက်စီတိုင်း သေခြင်းကို ဖြတ်သန်း ရပေ လိမ့်မည်။ ကျမ်းစာက "လူသည် ထိုနောက်မှ တခါတည်း သေ၍..." ဟုဆိုသည်။

ကျွန်ုပ်တို့သည် ခရစ်တော်ကို ကျွန်ုပ်တို့၏ကယ်တင်ရှင်အဖြစ် ယုံကြည် ကိုးစား ပြီးခဲ့သော် သေခြင်းကို ကျွန်ုပ်တို့ ကြောက်စရာမလိုတော့ပါ။ ဤရန်သူ သေခြင်းကို ယေရှု ခရစ်တော်သည် အောင်နိုင်ခဲ့သောကြောင့် ဖြစ်၏။ ကျမ်းစာက ဆိုသည်မှာ သူသည် သေခြင်း၏ တန်ခိုးကို ချိုးဖျက်ခဲ့ပြီ၊ ဧဝံဂေလိ သတင်းအားဖြင့် ထာဝရအသက်ကို ကျွန်ုပ် တို့ထံ ယူဆောင်လာခဲ့၏။ "ဧဝံဂေလိ" ဟူသောစကား၏ အဓိပ္ပါယ်မှာ "သတင်းကောင်း" ဖြစ်ပြီး တမန်တော်ပေါလုက ဘယ်ကဲ့သို့သော သတင်း ကောင်းဖြစ်ကြောင်းကို ကျွန်ုပ်တို့အားပြောခဲ့၏။ ပေါလုက"ညီအစ်ကိုတို့၊ ငါသည် သင်တို့အား ဟောပြော ဘူးသည်နှင့်အညီ၊ သင်တို့သည် ခံယူ၍ မှီဝဲဆည်းကပ်သော



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ (ကိုးနှစ်ပြည့်အမှတ်တရ) အမှတ်စဉ် ၁၀၉ ။ စက်တင်ဘာလ ၂၀၁၀ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန် အသင်းတော်များအတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

ဧဝံဂေလိတရားကို သင်တို့အား တဖန် ငါကြား လိုက်၏။ ငါသည် ကိုယ်တိုင် ခံယူသည့် အတိုင်း.. ခရစ်တော်သည် ကျမ်းစာ လာသည့် အတိုင်း ငါတို့အပြစ်ကြောင့် အသေခံတော်မူ၏။-သင်္ဂြိုဟ်ပြီးမှ၊ ကျမ်းစာ လာသည့် အတိုင်း သုံးရက် မြောက်သော နေ့၌ ထမြောက်တော်မူ၏။"ဟုဆို၏။(၁ကော၊၁၅း၁,၃,၄)

ဤကျမ်းပိုဒ်မှ သခင်ယေရှုခရစ်၏ ဧဝံဂေလိတရားသည် ကြီးစွာသော သမ္မာတရား နှစ်ချက်အပေါ် တည်နေကြောင်း ကျွန်ုပ်တို့ တွေ့မြင်ရသည်။

(၁) ခရစ်တော် ကျွန်ုပ်တို့၏အပြစ်များအတွက်အသေခံ၏။

(၂) ခရစ်တော် သေခြင်းမှ ထမြောက်ခဲ့၏။

ကျမ်းစာက ကျွန်ုပ်တို့အား ဘုရားသခင်သည် အချို့သော လူများကို သေခြင်းမှ ထမြောက်ခဲ့ကြောင်း အမှန်ဖြစ်ရပ်များကို ပြောပါ၏။ မည်သို့ပင်ဖြစ်စေ ဖြစ်ပျက်မှုတိုင်း၌ ဤ လူများသည် နောက်ပိုင်းတွင် သေခဲ့ကြ၏။ သို့သော် သခင်ယေရှုမူကား ထိုကဲ့ သို့မဟုတ်ပါ။ သူသည် သင်္ချိုင်းမှ ထမြောက်ခဲ့ပြီး၊ နောက်တဖန် ဘယ်သောအခါမျှ မသေတော့ပါ။ ယေရှုက "အသက်ရှင်သော သူ လည်းဖြစ်၏။ ငါသည် အရင် သေသည်ဖြစ်၍၊ ကမ္ဘာ အဆက်ဆက် အသက်နှင့် ပြည့်စုံ၏။..." ဟုဆို၏။ (ဗျာ၊၁း၁၈)

**ယေရှုသည် သူ၏ရှင်ပြန်ထမြောက်ခြင်းအကြောင်းကို ကြိုတင်၍ပြောခဲ့၏** သခင်ယေရှုက တပည့်တော်များအား ပြောခဲ့သည်မှာ သူသည် ဒုက္ခ ဆင်းရဲခြင်းကို ခံရမည်။ အသေသတ်ခြင်းကို ခံရမည်၊ ထိုမှ သုံးရက်ပြီး၊ နောက်တဖန် ထမြောက်လိမ့်မည်။ ယေရှုက" ခဏကြာပြီးမှ သင်တို့သည် ငါကိုမမြင်ရကြ။ တဖန် ခဏ ကြာပြီးမှ ငါ့ကို မြင်ပြန်ကြလိမ့်မည် (သူသည် တဖန်ထမြောက်လိမ့်မည် ဖြစ်သောကြောင့်)။ ဂျူးများစွာက ယေရှုသည် ဘုရားသခင်၏ သားတော် ဖြစ်ကြောင်းကို မယုံကြည် ကြပါ။ သူတို့သည် ယေရှုကို မုန်းကြပြီး၊ သူ့ကို သတ်ရန် အလိုရှိ၏။ ဖြစ်ရပ်တခု၌ သူတို့က ယေရှုကို သူသည် ဘုရားသခင်၏သားတော် အစစ်အမှန် ဖြစ်ကြောင်းကို နိမိတ် လက္ခဏာ ဖြင့် ပြရန် ပြောဆိုကြ၏။

**ယေရှု ကါးတိုင်ထက်တွင် အသေသတ်ခံခဲ့ခြင်း** သခင်ယေရှုသည်ကားစင်ထက်တွင် နံနက်ကိုးနာရီတွင် ရိုက်ထားခြင်းကိုခံရပြီး၊ မွန်းလွဲသုံးနာရီ၌ အသက်တော်ကို စွန့်တော်မူခဲ့၏။ မွန်းတည့်ချိန်မှစ၍ သုံးနာရီ တိုင်အောင် တလောကလုံးသည် မဲမှောင်လျက်ရှိ၏။ ထိုနောက် ယေရှုသည် ငိုကြွေး လျက်" အမှု ပြီးပြီ"ဟု မိန့်တော်မူပြီးနောက် အသက်တော်ကိုစွန့်တော်မူ၏။ ထိုအခါ ခဏခြင်းပင် ဗိမာန် တော်၏ ကုလားကာသည် အထက်စွန်းမှ အောက်စွန်းတိုင်အောင် စုတ်ကွဲလေ၏။ ကြီးစွာ သော မြေကြီးလှုပ်လေ၏။ ကျောက်များတို့သည် ကွဲပြားကြ၏။ ထိုနောက် မှ ယေရှု သေပြီးနောက် ရောမစစ်သားများ ရောက်လာကြ၏။ ယေရှု၏ ဘေးရှိ လက်ဝါးကပ်တိုင်ပေါ် ရိုက် ထားသော သူနှစ်ယောက်၏ခြေကိုချိုးကြ၏။ သို့သော် ယေရှုထံသို့ရောက်သော် သူသည် သေနှင့် ပြီးကြောင်းကို တွေ့မြင်လျှင် ခြေကို မချိုးဘဲ နေကြ၏။

**ယေရှုကို သင်္ဂြိုဟ်မြုပ်နှံခြင်း။** အရိမသဲမြို့သား ယောသပ်ဖြစ်သော သူဌေး တယောက်သည် ပိလတ်မင်းထံ လာပြီး ယေရှု၏ အလောင်းတော်ကို ယူသွား မည့်အကြောင်း အခွင့်တောင်း၏။ ပိလတ်မင်း သည် ယေရှု သေကြောင်းကို အသေအချာသိလျှင် ယောသပ်၏ တောင်းဆိုချက်ကို ခွင့်ပြုလေ၏။ ယောသပ်နှင့် အခြားသော တပည့်တော် ဖြစ်သော နိကောဒင်တို့သည်လာ၍ ယေရှု၏ အလောင်းကိုသင်္ဂြိုဟ်ရန် ပြင်ဆင် လေ၏။ သူ၏အလောင်းတော်ကို အဝတ်တွင် မွှေးကြိုင်သော နံ့သာများကို ထည့်လျက် ပတ်ရစ်လေ၏။ ယေရှု၏အလောင်းတော်ကို ကျောက်တွင် ထွင်းထားသော၊ တယောက်ကိုမျှ မသင်္ဂြိုလ်ဘူးသော၊ သင်္ချိုင်းတွင်းသစ် တခုတွင် မြုပ်နှံကြ၏။ ကြီးစွာသောကျောက်ဖြင့် သင်္ချိုင်း ဂူတံခါး အဝကိုပိတ်ခဲ့ကြ၏။

**ယေရှု သင်္ချိုင်းမှ ထမြောက်ခဲ့ခြင်း။** ယေရှု၏ အလောင်းသည် သင်္ချိုင်းဂူအတွင်း သုံးရက်နှင့်သုံးည လဲလျောင်းခဲ့၏။ တတိယ မြောက်သောနေ့ နံနက် မိုးမလင်းမီ သခင်ယေရှုသည် သေခြင်းမှ ထမြောက်ခဲ့၏။ ထိုနောက်မှ ကြီးစွာသော မြေလျှင်လှုပ်လေ၏။ ထာဝရဘုရား၏ ကောင်း ကင်တမန်သည် ကောင်းကင်ဘုံမှ ဆင်းလာပြီး၊ ဂူတံခါးဝ၌ ပိတ်လျက်ရှိသော ကျောက်ကို လိမ့်လှန်ခဲ့၏။ ကျမ်းစာက ရောမစစ်သားတို့သည်" ကြောက် ရွံ့ သဖြင့် တုန်လှုပ်၍ သေမတတ် ဖြစ်ကြ၏" ဟုဆို၏။ ထိုနေ့ နံနက်စောစောတွင် အမျိုးသမီးသုံးဦးတို့သည် ယေရှု၏သင်္ချိုင်းဂူသို့ လာကြ၏။ယေရှု၏အလောင်းကို နံ့သာမျိုးနှင့်ပြင်ဆင် ရန် လာခြင်းဖြစ်၏။ သို့သော် သူတို့ ရောက်သောအခါ သင်္ချိုင်းသည် ဗလာ ဖြစ်ကြောင်းကိုသာ တွေ့ကြ၏။ ကောင်းကင် တမန်က သူတို့အား "ကြောက်ရွံ့ခြင်း မရှိကြနှင့်။ လက်ဝါးကပ်တိုင်မှာ သတ်သော ယေရှုကို သင်တို့ ရှာကြသည်ကို ငါသိ၏။ ဤ အရပ်၌မရှိ။ မိန့်တော်မူသည် အတိုင်း ထမြောက်တော်မူပြီ။..."ဟုဆို၏။ အမျိုးသမီးတို့သည် ယေရှုထမြောက်ကြောင်းကို တပည့် တော် တို့အား ကြားပြောရန် နောက်သို့ ပြန်ပြေးသွားကြ၏။ သူ တို့သည် ပေတရုနှင့် ယောဟန်ကိုတွေ့ပြီး သူတို့မြင်ခဲ့၊ ကြားခဲ့သမျှတို့ကို ကြားပြောလေ၏။ ပေတရုနှင့် ယောဟန်သည် သင်္ချိုင်း သို့ ပြေးသွားကြ၏။ သူတို့ သင်္ချိုင်ဂူသို့ ရောက်သောအခါ အံ့ဖွယ် မြင်ကွင်းကို တွေ့ကြ၏။

ယေရှု၏အလောင်းကို ပတ်ရစ်လျက်ရှိသော ပိတ်ပုဆိုးသည် ပုံမပျက်ဘဲ ရှိလျက်နေ၏။ လူ၏ပုံစံအတိုင်းပင် ရှိနေပြီး သို့သော် ယေရှု၏ခန္ဓာမူကား မရှိတော့ပါ။ ခေါင်းတော်၌ ရှိသော ပုဝါသည် ပိတ်ပုဆိုးနှင့်အတူမရှိဘဲ တခြားစီလိပ်လျက် ထောင့် တခု၌ရှိနေ၏။ ယေရှုထမြောက်ခဲ့ပြီ။ တပည့်တော်များ ထွက်သွားပြီးနောက် မာရိမာဂဒလသည် သင်္ချိုင်း ဂူအပြင်ဘက်တွင် ငိုကြွေးလျက် ရပ်နေ၏။ သူမသည်ငုံ့၍ တွင်းထဲသို့ကြည့်လျှင် ကောင်းကင် တမန်နှစ်ပါးကိုမြင်လေ၏။ သူတို့က သူမအား "အချင်းမိန်းမ အဘယ်ကြောင့် ငိုကြွေးသနည်း။"ဟု မေးလျှင် မာရိ က"ကျွန်မ၏သခင်ကို ယူသွားကြပြီ။ အဘယ်မှာ ထားကြသည်ကို မသိပါ"ဟု ပြောဆို ၏။ ထိုသို့ဆိုပြီးမှ နောက်သို့လှည့်လျှင် လူတယောက်သည် သူမအား စကား ပြောတော်မူ၏။ ထိုသူသည် ယေရှု ကိုယ်တော် တိုင်ဖြစ် ၏။ သူက"အချင်းမိန်းမ အဘယ် ကြောင့် ငိုကြွေးသနည်း။ အဘယ်သူကိုရှာသနည်း။"ဟုမေးတော်မူ၏။ မာရိသည် မော့် မကြည့်ဘဲနှင့် သူ့ကို ဥယျာဉ်စောင့် ဖြစ်သည်ဟု ထင်မှတ်၏။ ယေရှု က တဖန် "မာရိ"ဟု ခေါ်လျှင် သူမသည် သခင်ယေရှုကို မှတ်မိပြီး "အရှင်ဘုရား"ဟု ထူးတော်မူ၏။ ထိုည တပည့်တော် ဆယ်ယောက်တို့သည် ထိုနေ့တာ၏ ထူးခြားသော အဖြစ် အပျက်များကို ပြောဆိုရန် ပိတ်ထားလျက်ရှိသော အခန်းတွင် တွေ့ဆုံကြ၏။ သောမသည် သူတို့နှင့်အတူ မရှိပါ။ ဂျူးများကို ကြောက်သောကြောင့် တံခါးသည် ပိတ် လျက် ရှိ၏။ ထိုနောက် ရှစ်ရက်မြောက်သောနေ့၌ တပည့်တော်များသည် တဖန် ယခင် အခန်း၌ ပြန်ဆုံကြ၏။ သောမသည်လည်း ဤအချိန် ၌ သူတို့နှင့်အတူရှိတော်မူ၏။ တဖန် ယေရှုသည်သူတို့၌ ပေါ်လာပြီး"သင်တို့၌ ငြိမ်သက်ခြင်းရှိစေသတည်း"ဟု မိန့်တော်မူ၏။ ယေရှုသည် သောမထံသို့လှည့်၍ " သင်၏လက်ညှိုးကိုဆန့်၍ ငါ့လက် ကို ကြည့်လော့။ သင်၏လက်ကိုဆန့်၍ ငါ့နံဖေးကို စမ်းသပ်လော့။ ယုံမှားခြင်းမရှိနှင့်။ ယုံလော့ဟု မိန့်တော်မူ၏။" သောမ သည်လည်း ယုံမှားခြင်း မရှိတော့ပါ။ သောမ ကလည်း၊ "အကျွန်ုပ်၏အရှင်၊ အကျွန်ုပ်၏ ဘုရားသခင် ပါ တကား"ဟု ပြန်၍ လျှောက်လျက် ကိုးကွယ်လေ၏။ (ယော၊၂၀း၂၈) သခင်ယေရှုသည် သင်္ချိုင်းမှ ထမြောက်ပြီးနောက် ဤမြေကြီးပေါ်၌ ရက် ပေါင်း လေးဆယ်တိုင် ကိုယ်ထင်ရှား ပြ တော် မူ၏။ ကျမ်းစာ၌ ယေရှုသည် သူ ရှင်ပြန် ထမြောက်ပြီးနောက် အဖြစ်အပျက် အနည်းဆုံး ဆယ်ကြိမ်ထက် မနည်း တပည့်တော်တို့အား ကိုယ်ထင်ရှား ပြတော် မူခဲ့ကြောင်းကို ပြောဆိုထားပါသည်။ (တ၊၁း၃) ယေရှုက ငါသည် "အသက်ရှင်သော သူလည်းဖြစ်၏။ ငါသည် အရင် သေသည် ဖြစ်၍၊ ကမ္ဘာအဆက်ဆက် အသက်နှင့် ပြည့်စုံ၏။..."ဟုဆို၏။(ဗျာ၊၁း၁၈)

**ယေရှု၏သေခြင်းမှရှင်ပြန်ထမြောက်ခြင်းသည် သူသည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်း သက်သေဖြစ်သည်။**

ယေရှုသည် သေခြင်းမှ ထမြောက်ကြောင်းကို ကျွန်ုပ်တို့သိကြသည်။ သို့သော် သူ၏သေခြင်းမှ ရှင်ပြန် ထမြောက်ခြင်း ၏ အမှန်အဓိပ္ပါယ်ကား အဘယ်နည်း။ ယေရှု၏ သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်းသည် သူသည် ဧကန်အမှန် ဘုရားသခင်၏ သားတော် ဖြစ်ခြင်းနှင့် သူဟော ပြောခဲ့သော အကြောင်းအရာများ အားလုံးသည် အမှန်တရားဖြစ်ပေ၏။ ဧကန်အမှန်ဖြစ်ပါသည်။ သူသည် ဧကန်အမှန်သေခဲ့၏။ သူသည် ဧကန် အမှန် တဖန် ထမြောက်ခဲ့၏။ ထို့ကြောင့် သူ သည် ဘုရားသခင်၏ သား ဖြစ်ခြင်းနှင့် သူ ဟောပြော ခဲ့သမျှသော အရာများအားလုံးတို့သည် အမှန်ဖြစ်ကြောင်းကို ကျွန်ုပ်တို့ သိကြ၏။ ကျွန်ုပ်တို့ သည် သူ့အပေါ် အပြည့်အဝ ယုံကြည်ကိုးစားခြင်းကို ပြုနိုင် ပါသည်။ (ရော၊၁း၃-၄)

**ယေရှု၏ရှင်ပြန်ထမြောက်ခြင်းသည် ကျွန်ုပ်တို့၏ရှင်ပြန်ထမြောက်ခြင်းကို အာမခံချက်ပေးပါသည်။** သေပြီးနောက် ဘုရား၏သားသမီးများ တဖန်အသက်ရှင်ခြင်းကို ဘုရားသခင်သည် ကတိပြုထားခဲ့ပါသည်။ သူသည် ဤအမှုကို ပြုလုပ် နိုင်ပါသလား။ အမှန်ပင် သူ ပြုလုပ် နိုင်ပါသည်။ မည်ကဲ့သို့ ကျွန်ုပ်တို့ သိနိုင်ပါသနည်း။ သူသည် ယေရှုကို ထမြောက် စေခဲ့သောကြောင့် ဖြစ်သည်။ ယေရှုက "ငါသည် အသက်ရှင်သောကြောင့် သင်တို့သည်လည်း အသက်ရှင် ရကြလိမ့်မည်။"ဟုဆိုသည်။ (ယော၊၁၄း၁၉) (ယော၊၁၁း၂၅)

**(၂)ကျွန်ုပ်တို့၏ကိုယ်ခန္ဓာ၌ မည်ကဲ့သို့ဖြစ်မည်နည်း။**

ခရစ်ယာန် သေသောအခါ ခန္ဓာကို သင်္ချိုင်း တွင်ထားပါသည်။ ခန္ဓာသည် "ခရစ်တော်၌ အိပ်ပျော်ခြင်း" ဟုဆိုပါသည်။ ယေရှု တဖန် ကြွလာသောအခါ ကျွန်ုပ်တို့၏ ခန္ဓာကို ထမြောက် စေလိမ့်မည်။ ခန္ဓာ အသစ်ကို ပေးလိမ့်မည်။ ကျွန်ုပ်တို့၏ ခန္ဓာကို အိမ်တစ်လုံး အဖြစ် ပြောဆိုထားပါသည်။ တမန်တော် ရှင်ပေါလု


သခင့်စကား ဝိညာဉ်ရေး ရာ စာစောင်။ (ကိုးနှစ်ပြည့်အမှတ်တရ) အမှတ်စဉ် ၁၀၉ ။ စက်တင်ဘာလ ၂၀၁၀ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန်
အသင်းတော်များ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

က"ယာယီတဲဖြစ်သော ငါတို့ မြေအိမ်သည် ပျက်လျှင်၊ ကောင်းကင်ဘုံ၌ လူလက်ဖြင့် မလုပ်ဘဲ၊ ဘုရားသခင် ဖန်ဆင်းတော်မူသော နိစ္စ ထာဝရ အိမ်ရှိကြောင်းကို ငါတို့ သိကြ၏။"ဟုဆိုသည်။(၂ကော၊၅း၁) ဤ နေရာ၌ ရှင် ပေါလုက ဘာပြောပါသနည်း။ သူက "ငါသည် သေခဲ့သော်၊ ငါ၏ခန္ဓာသည် မြေသို့ ပြန်သွားမည်။ တနေ့သောအခါ အံ့ဘွယ်သော ခန္ဓာသစ်ကိုပေးရန် ဘုရားသခင်သည် သူ ကိုယ်တိုင် ကျွန်ုပ်တို့အတွက် ပြုလုပ် ပေးလိမ့်မည်။ ကျွန်ုပ်တို့ သည် ကောင်းကင် ဘုံ ၌ အစဉ် နေရပေလိမ့်မည်။

**(၃)ကောင်းကင်ဘုံ၌ ကျွန်ုပ်တို့မည်ကဲ့သို့ဖြစ်မည်နည်း။** သခင်ယေရှုနှင့် တူလာလိမ့်မည်။ သူ၏ဘုန်းနှင့်ပြည့်သော ရှင်ပြန် ထမြောက် ခြင်းကဲ့သို့သော ခန္ဓာကို ရရှိကြလိမ့်မည်။ ကျမ်းစာက "ချစ်သူတို့ယခုတွင် ငါတို့သည် ဘုရား သခင်၏သား ဖြစ်ကြ၏။ နောက်မှ အဘယ်သို့သောသူဖြစ်မည်ဟု မထင်ရှားသေး၊ သို့သော်လည်း ကိုယ်တော်သည် ထင်ရှား ပေါ်ထွန်းတော်မူသောအခါ၊ ငါတို့သည် ကိုယ်တော် နှင့် တူကြလတံ့ဟု ငါတို့ သိကြ၏။ အကြောင်းမူကား၊ ကိုယ်တော် ဖြစ်တော် မူသည့်အတိုင်းကို ငါတို့သိမြင်ရကြလိမ့်မည်။" ဟုဆို၏။(၁ယော၊၃း၂)

**(၄)ကောင်းကင်ဘုံ၌ ကျွန်ုပ်တို့၏ချစ်ခင်ခဲ့ရသောသူများနှင့် ကျွန်ုပ်တို့သိကြလိမ့် မည်လား။**

ကျွန်ုပ်တို့ သိကြလိမ့်မည်။ ကောင်းကင်ဘုံ၌ ခရစ်တော်သည် ကျွန်ုပ်တို့ကို သိသကဲ့သို့ ကျွန်ုပ်တို့သည် အချင်းချင်း တယောက်နှင့် တယောက်ကို သိကြလိမ့်မည်။ ကျမ်းစာက"ယခုတွင် ငါတို့သည် မှန်အားဖြင့် ရိပ်မိလျက်သာ နေကြ၏။ ထိုအခါ မူကား၊ မျက်မှောက် ထင်ထင် မြင်ရလိမ့်မည်။ ယခုတွင် ငါအသိအမြင်မစုံမလင်ဖြစ်၏။ ထိုအခါ မူကား၊ သူတပါးသည်ငါ့ကို သိသ ကဲ့သို့ ငါသိရလိမ့်မည်။"ဟု ဆို၏။ (၁ကော၊ ၁၃း၁၂) သခင်ယေရှုခရစ်သည် သင်၏ကယ်တင်ရှင် ဖြစ်ပါသလား။ **ယေရှုခရစ်သည် ထ မြောက်ခြင်း အရှင်သခင် ဖြစ်သည်။ သူသည် အသက်ရှင် သောကြောင့် ကျွန်ုပ် တို့သည်လည်း အသက်ရှင် ရကြလိမ့်မည်။** ။ အန်ဒရူး

---

## စိတ်နေသဘောထား (မင်းအောင်သက်လွင်)



အချိန်က ရုံးတက်ချိန်၊ ကျောင်းတက်ချိန် ဆိုတော့ စင်ကာပူ မြို့ပါတ် ရထားပေါ်မှာ အသားချင်း ထိလုမတတ် လူကျပ်လို့ နေပါတယ်။ ထိုင်စရာ ထိုင်ခုံရဖို့ မဆိုထားနဲ့ ရထားထဲ ဝင်ဖို့တောင် တော်တော် ခက်ခဲပါတယ်။ လူ အရမ်း ကျပ်လို့ကတော့ နောက်ရထား ပြောင်းစီးဖို့ ကျန်နေခဲ့ရမှာ ဖြစ်ပါတယ်။ ရုံးချိန်၊ ကျောင်း ချိန် နောက်မကျအောင် ခရီးသည်တွေက နေရာလု အတင်း ဝင်တိုးပြီး ရထားပေါ် တက်ကြ ရပါတယ်။ စင်ကာပူ ထုံးစံအရ အပေါက်ဝ နားက ရထားထိုင်ခုံ နှစ်ခုံ စလုံးဟာ ကိုယ်ဝန်ဆောင်တွေ၊ သက်ကြီး ရွယ်အိုတွေ၊ ဒုက္ခိတတွေ နဲ့ ကလေး အမေတွေကို ဦးစားပေး ထိုင်စေဖို့ ရထား ပို့ဆောင်ရေးဌာနက စာတန်း ကပ်ထားတာမို့ အဲဒီ ထိုင်ခုံတွေကို ရှောင်တဲ့ အနေနဲ့ ကျွန်တော်ဟာ ရထားတွဲရဲ့ အလယ်ပိုင်းထိ ရောက်အောင် အထဲ တိုးဝင် သွားလိုက်ပါတယ်။ ကျွန်တော့် အိမ်နဲ့ ဆင်းရမဲ့ ဘူတာက ဆယ့်တစ် ဘူတာ ( မိနစ် ၂၀) ကြာအောင် စီးရမှာမို့ ထိုင်စရာ တစ်နေရာစာ ရအောင် တွဲရဲ့ အလယ်ခေါင်ထိ ရောက်အောင် တိုးဝင်ခဲ့ရတာပါ။ မျက်စိ ကလဲ လမ်းခုလတ်မှာ ဆင်းသွား နိုင်လောက်တဲ့ ခရီးသည်တွေကို လိုက်ရှာမိရင်း သူတို့ အဆင်းမှာ ကိုယ်ထိုင် နေရာ ရအောင် ကြိုးစားနေမိ ပါတယ်။ အဆင်ပြေချင်တော့ နောက်တစ်ဘူတာမှာ ကျွန်တော့် ရှေ့ တည့်တည့်မှာ ထိုင်နေတဲ့ သူက ဆင်းသွားပါတယ်။ ဟန်ကျလိုက်တာ ဆယ် ဘူတာ ကြီးများတောင် ထိုင်ပြီး စီးရတော့မှာမို့ ထိုင်ခုံမှာ လိုက်စီး ရင်း အိပ်ငိုက်ချင် ငိုက်၊ ဒါမှ မဟုတ် ဖတ်စရာ စာအုပ် တစ်အုပ်ကို ဖတ်ချင်ရင် ဖတ်နိုင်ဖို့ ကျောပိုးအိတ်ထဲက ထည့်ထားတဲ့ စာအုပ် တစ်အုပ်ကို ထုတ်လိုက် ပါတယ်။ ထိုင်ပြီး ဖတ်သွားဖို့ ဟန်ပြင်ရင်း လွတ်သွားတဲ့ ထိုင်ခုံမှာ ဝင်ထိုင်ဖို့ အလုပ်မှာ ကျွန်တော့် မျက်လုံး တွေက ဘေးဘီကို အမှတ်မထင် အကဲ ခတ် လိုက်မိပါတယ်။ ကျွန်တော့် ဘေးဘယ်ညာ တစ်ဘက်စီမှာ သက် လတ်ပိုင်း အမျိုးသမီးကြီး နှစ်ဦး ရပ်နေကြပါတယ်။ ဘယ်ဘက်က အမျိုးသမီးက အသက် ပိုကြီးပုံ ရပြီး ညက အိပ်ရေး ပျက်ထားပုံရပါတယ်။

တော်တော်လေးလဲ ပင်ပန်းနေပုံ ရတဲ့အတွက် ကျွန်တော် အားနာသွားပြီး ထိုင်ခွင့်ရတဲ့ ကျွန်တော့် နေရာကို အဲဒီအမျိုးသမီးကို ကျွန်တော့် ကိုယ်စား ဝင်ထိုင်ဖို့ မေးငေ့ါပြီး အချက်ပြ လိုက်မိပါတယ်။ အမျိုးသမီး မျက်နှာက ဝင်းပသွားပြီး ကျေးဇူးတင်တဲ့ အကြည့်နဲ့ ကျွန်တော့်ကို ပြန်ကြည့်ပါတယ်။ ကျွန်တော်က ဘာမှ မဟုတ်သလို ပုံစံမျိုးနဲ့ မျက်နှာ လွှဲလိုက်ပါတယ်။ အမျိုးသမီး သက် တောင့် သက်သာ ထိုင်သွား ရအောင် လို့ပါ။ ကျွန်တော့် ကျေးဇူးကြောင့် နေရာ ရသွားတဲ့ အဲဒီ အမျိုးသမီးက တခြားသူတွေကို မလုံမလဲတဲ့ ပုံစံနဲ့ လိုက်ကြည့်ရင်း ချက်ခြင်း ထိုင်သေးဘဲ အပေါက်ဝ နားမှာ သုံးနှစ် အရွယ် ကလေးလေး တစ်ယောက်နဲ့ ကိုယ်ဝန် ဆောင် အမျိုး သမီး တစ်ယောက် ရပ်နေတာကို တွေ့လိုက်ရတာမို့ မနေသာ တော့ဘဲ ကျွန်တော် ပေးတဲ့ နေရာမှာ ဝင်မထိုင်ဘဲ ကိုယ်ဝန် ဆောင်သည်ကို သူ့နေရာမှာ ဝင်ထိုင်ဖို့ လှမ်းခေါ် လိုက်ပါတယ်။ ကိုယ်ဝန်ဆောင်များ ထိုင်ရမဲ့ စာတန်း ကပ်ထားတဲ့ ခုံမှာ ခပ်တည် တည် ဝင်ထိုင်နေတဲ့ သူတွေကတော့ မျက်စိ စုံမှိတ် အိပ်ချင် ဟန်ဆောင်ရင်း နေရာ ဖယ်မပေးကြပါဘူး။ ကိုယ်ဝန်ဆောင် ကလေးအမေလဲ ရထားတွဲ အလယ်ကောင်အထိ တိုးလာပြီး ပေးတဲ့နေရာမှာ ဝင်ထိုင် လိုက်ပါတယ်။ ပြီးတော့ ကျွန်တော်တို့ နှစ်ယောက်စလုံးကို ကျေးဇူးတင်တဲ့ အကြည့်နဲ့ လှမ်းကြည့် နေပြန်ပါတယ်။ နောက် တစ်ဘူတာ အရောက်မှာ ကိုယ်ဝန်ဆောင် အမျိုး သမီးဘေးနားက၊ ကျွန်တော့် ညာဘက် က အမျိုးသမီးနဲ့ ရှေ့တည့် တည့်က ထိုင်ခုံမှာ ထိုင်နေတဲ့ ခရီးသည် ဆင်းသွားတဲ့အတွက် တစ်နေရာစာ လွတ်သွားတော့ ကျွန်တော့် ညာဘက်က အမျိုးသမီးက ဝင်မထိုင်ဘဲ ပထမဦးဆုံး နေရာ ရလျှက်သားနဲ့ မထိုင်ဘဲ ဦးစား ပေးခဲ့တဲ့ ကျွန်တော်နဲ့ ဘယ်ဘက်က အမျိုးသမီးကို ဝင်ထိုင်ဖို့ လက်ကမ်း ပြပါတယ်။ ကျွန်တော်တို့ နှစ် ယောက်စလုံး ပြုံးပြလိုက်ပြီး ခေါင်းခါ ပြတော့မှ ညာ ဘက်က အမျိုးသမီး က လိပ်ပြာသန့်သန့်နဲ့ ဝင်ထိုင်ပါတယ်။ ထိုင်ပြီးကာမှ သူလဲ ဘေးဘီ ကို လိုက်ကြည့်ပြီး မလှမ်းမကမ်းက သက်ကြီးရွယ်အို အန်တီကြီး တစ် ယောက်ကို ထပြီး နေရာ ပေးလိုက်ပါ တယ်။ နောက် တစ်ဘူတာ ရောက်တော့ ခုံတန်းက အခြားခရီးသည် လေးယောက် စလုံး တပြိုင်တည်း ထသွားကြတာမို့ နေရာ လေးနေရာ စာတောင် လွတ် သွားပါတယ်။ ကိုယ်ဝန်ဆောင် ကလေးအမေနဲ့ အန်တီကြီးတို့က ကျွန်တော်တို့ သုံးယောက်စလုံးကို ဝင်ထိုင်ဖို့ ပြောပေမဲ့ ကျွန်တော်တို့ အားလုံး ဝင် မထိုင်တော့ဘဲ ပြုံးပြလိုက်ကြပါတယ်။ တခြား လူတွေလဲ နေရာလွတ်ကို အတင်းလုပြီး မထိုင်ကြတော့ပါဘူး။ နောက်တော့ မူလတန်း ကျောင်းသား လေး လေးယောက် ရထားပေါ် တက်လာပြီး လွတ်တဲ့ ထိုင်ခုံတွေမှာ ဝင်ထိုင်သွားကြပါတယ်။

ကျွန်တော့် ခရီးဆုံးဖို့ ငါးဘူတာ လိုနေသေးပေမဲ့ ကိုယ်ထိုင်ခွင့် ရရဲ့သားနဲ့ ဝင် မထိုင်ဖြစ်ဘဲ လိုအပ်တဲ့ သူတွေကို ထိုင်ဖို့ နေရာ ပေးမိတဲ့ စိတ် စေတနာကြောင့် နေရာ အတင်းလိုချင်တဲ့ စိတ်တွေလဲ ပျောက်သွားသလို ညောင်းညာတဲ့ စိတ်လဲ မရှိတော့ဘဲ လူလဲ လန်းလန်းဆန်းဆန်း ဖြစ်နေ ပါတယ်။ ဘေးနားက အမျိုးသမီး နှစ်ယောက်သာမက ကျွန်တော်တို့ လုပ်ရပ်ကို သတိထားမိသွားတဲ့ ရထားတွဲထဲက တခြားလူတွေလဲ လွတ်သွားတဲ့ နေရာကို အတင်းဝင် မလုကြတော့ဘဲ၊ ပျော်ပျော်ရွှင်ရွှင် ခရီးသွား ဖြစ်ခဲ့ကြ ပါတယ်။ အဲဒီလို လုပ်လိုက်လို့ တခြားလူတွေက ငကြောင် လို့ ပြောမှာ သေချာ ပါတယ်။ ဒါပေမဲ့ ပညာရှိ တစ်ယောက် ကဲ့ရဲ့တာက လူမိုက် အယောက် တစ်ထောင် ကဲ့ရဲ့တာထက် ပိုနာပါတယ်။ ပညာရှိ တစ်ယောက် ကောင်းကြီးပေးတာက လူမိုက် အယောက် တစ်ထောင် ကောင်းကြီး ပေးတာထက် ပိုသာပါတယ်။ ရထား နောက်တစ်ဘူတာကို ရောက်လို့ တံခါးတွေ အော်တို မစ်တစ် ပွင့်သွားချိန်မှာ ဘူတာ ဆောင်းဘောက်စ် ကနေ ထွက်ပေါ်နေတဲ့ စင်ကာပူ က ဟာသမင်းသား ဖွာချူကန်း (ဂါးမစ်) ရဲ့ Happy journey start like that ဆိုတဲ့ ပျော်ရွှင်စွာ ခရီးသွားလာရေး ပညာပေး သီချင်းလေးက တွဲထဲကို ခုန်ပေါက် ဝင် ရောက် လာခဲ့ပါတယ်။


လွန်ခဲ့တဲ့ ၁၀နှစ်ကျော်ကာလ မြန်မာပြည်မှာတုံးက အဖြစ်အပျက် လေး ကို သွားသတိရမိပါတယ်။ – – ကျွန်တော့် သူငယ်ချင်းတစ်ယောက် အလုံကနေ အင်းစိန်ကို အလာ ခရီး ဘတ်စ်ကားထဲမှာ နေရာ ကိစ္စနဲ့ ပါတ်သက်ပြီး စိတ်တိုခဲ့တဲ့ အဖြစ် အပျက်လေးကို သွားသတိရမိပါတယ်။ သူ့နာမည်က အားပုလေး လို့ခေါ် ပါတယ်။ အားပုလေး ကားစီး အလာမှာ ထိုင်ခုံနေရာ ရပါတယ်။ သူ့ရှေ့မှာ ကလေး ချီထားတဲ့ အမျိုးသမီးတစ်ယောက် တက်လာလို့ သူက စိတ် စေတနာနဲ့ ထပြီး သူ့နေရာ ဝင်ထိုင်ဖို့ အခွင့်ပေးလိုက်တဲ့အခါ အမျိုးသမီးက ကျေးဇူးစကား မဆိုဘဲ အတင်း ဝင်လုထိုင်လို့ သူ့ ဘောင်းဘီရှည် အဖြူ ရောင်နဲ့ လှည်းဘီးတံဆိပ် ကတ္တီပါ ဖိနပ် ရွှံ့ပေ သွားပါတယ်။ ခန နေတော့ သူ နေရာ ပေးတဲ့ အမျိုးသမီး ဘေးနားက ထိုင်ခုံမှာ နေရာလွတ်သွားတော့ အားပုလေး က ဝင်ထိုင်မလို့ လုပ်တဲ့ အချိန်မှာ အမျိုးသမီးက နေရာမပေးဘဲ ကိုယ်လုံးနဲ့ ကာထားပြီး နောက်က ပါလာတဲ့ သူ့ယောကျ်ားကို နေရာဦး ထားပေး လိုက် ပါတယ်။ အားပုလေး ဒေါသ ထွက်လိုက်တာ ပြော မနေ ပါနဲ့တော့။ အဲဒီ မိန်းမ ထိုင်စရာ




သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ (ကိုးနှစ်ပြည့်အမှတ်တရ) အမှတ်စဉ် ၁၀၉ ။ စက်တင်ဘာလ ၂၀၁၀ ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန် အသင်းတော်များအတွင်း အခမဲ့ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

နေရာရဖို့ အားပုလေး က မတ်တပ်ထရပ် ပေးခဲ့ရတာပါ။ ကျေးဇူး မတင်တဲ့ အပြင် နေရာ ထပ်ရ လာတော့ လောကွတ်လေးနဲ့တောင် နေရာ ပြန်မပေးဘဲ သူ့ လူအတွက် နေရာ ပြန်လုပေးနေတာမို့ အားပုလေး ဒေါသ ထွက်သွား ခဲ့ပါတယ်။

အင်းစိန်က ကျွန်တော့်အိမ် ရောက်တော့ ကားပေါ်မှာ သူ နေရာ ပေးခဲ့တဲ့ အမျိုးသမီးက ကျေးဇူးမတင်တဲ့ အပြင် နေရာ ရတာကို ပြန်မပေးလို့ စိတ်တိုကြောင်း အားပုလေးက တက် တခေါက်ခေါက်နဲ့ ပြန်ပြောပြပါတယ်။ အဲဒီတစ်နေ့လုံး သူ စိတ်ဆိုး စိတ်ကောက် နေရပါတယ်။ စာဖတ်သူ မိတ်ဆွေ။ လမ်းကြုံ ရင် အအေးဆိုင်ထဲမှာ ထိုင်နေရင်း အအေး တစ်ခွက်ကို မှာသောက် ကြည့်လိုက်ပါ၊ အအေး ခွက်ထဲက ပေါလော ပေါ်နေတဲ့ ရေခဲတွေကို တွေ့ရမှာ ဖြစ်ပါတယ်။ ရေခဲတွေကို သေသေချာချာ ကြည့် ပါ။ ရေခဲတုံး တစ်တုံးလုံးက ရေမျက်နှာပြင်ပေါ်မှာ ပေါ်နေတာ မဟုတ်ဘဲ ရေခဲတုံးရဲ့ ၁၀ရာခိုင်နှုန်းကသာ ရေပေါ် ပေါ် နေတာ ဖြစ်ပြီး ကျန်တဲ့ ၉၀ ရာခိုင်နှုန်းက ရေအောက်ထဲ နစ်မြုပ် နေတာကို တွေ့ရပါလိမ့်မယ်။ ပင်လယ်ပြင်ထဲ ပေါလော မျောနေတဲ့ ရေခဲတောင် ကြီးကို ဘေးနားက ဖြတ် သွားတဲ့ သင်္ဘောနဲ့ ယှဉ်ကြည့် ရင် အဆများစွာ ကွာခြားနေတာကို




တွေ့ရပါလိမ့်မယ်။ တကယ် တော့ ပင်လယ် ရေ မျက်နှာပြင်ပေါ်မှာ ပေါ်နေတဲ့ ရေခဲ တောင် အစိတ် အပိုင်းဟာ ပင်လယ် ရေအောက်ထဲ နစ်မြုပ်နေတဲ့ ရေခဲ တောင်ရဲ့ ၁၀ ရာခိုင်နှုန်းဘဲ ရှိပါတယ်။ ရေခဲတုံး နဲ့ ရေခဲတောင် ဥပမာ လိုပါဘဲ။ လူတွေရဲ့ အပြင်ပန်း မျက်နှာ၊ ကိုယ်ခန္ဓာ ရုပ်သွင်က လူ့ရဲ့ ၁၀ ရာခိုင်နှုန်းဘဲ ဖြစ်ပြီး မမြင်ရတဲ့ ၉၀ ရာခိုင်နှုန်းကတော့ သူ့ရဲ့ စိတ်နေ သဘောထားဘဲ ဖြစ်ပါတယ်။ စိန်ကဲ ကျောက်ကဲကို ခတ်လို့ ရပေမဲ့၊ လူ့အကဲ ခတ်ဖို့ ခက်တယ် ဆိုတဲ့ စကားလို မမြင်ရတဲ့ လူ့ စိတ်နေ သဘောထားက တိမ်မြုပ်နေတာမို့ မြင်နိုင်ခဲလှပါတယ်။ တလောက စင်ကာပူမှာ ကျွန်တော် ခန ငှားနေတဲ့ အိမ်ကို အသားဖြူဖြူ ချောချောလှလှ မိန်းမပျိုလေး တစ်ယောက် အခန်းတစ်ခန်း လာငှား နေပါတယ်။ အစစအရာရာ ပြည့်စုံပေမဲ့ အိမ်ထောင် ကျသင့်တဲ့ အရွယ် မှာ မကျသေးတဲ့ ရုပ်ချောပြီး အပြောချိုတဲ့ သူ့ အကြောင်းကို အိမ်ရှင်ပြောပြလို့ နောက်မှ သိရတာက အဲဒီ မိန်းမချောဟာ ရုပ်လှ သလောက် စိတ်သဘောထား ဆိုးသွမ်းပြီး အိမ်ထောင် အတည်တကျ မပြုဘဲ၊ ပိုက်ဆံ ချမ်းသာတဲ့ အိမ်ထောင်ရှင် ယောကျ်ား တွေကိုဘဲ အတင်းဝင်ကပ် မြူဆွယ် ချူစား တတ်တဲ့ အကျင့်ရှိလို့ သူ့ကြောင့် လင်မယား ၂တွဲ ကွာရှင်း ပြတ်စဲ ခဲ့ရကြောင်းနဲ့ မိသားစုတွေ ဒုက္ခ ရောက်ခဲ့ရကြောင်းသိခဲ့ရပါတယ်။ ကြောက်စရာ ကောင်းလေစွ။

ဘွဲ့ဒီဂရီ၊ ဒီပလိုမာ အောင်လက်မှတ်၊ ဖြူဝင်း သော အသားအရည်၊ ထောင်ထောင် မောင်းမောင်း တောင့်တောင့် တင်းတင်း ကိုယ်ခန္ဓာ၊ ရွှင်ပြုံး ချိုမြသော မျက်နှာထား၊ ဝတ်ကောင်းစားလှ၊ ချိုသာ စကားတွေဟာ ရေ မျက်နှာပြင် ပေါ်မှာ ပေါလောပေါ်နေတဲ့ ရေခဲတုံး ၁၀ ရာခိုင်နှုန်းလောက်ဘဲ ဖြစ်ပါတယ်။ ဘာမှ အရေး မပါလှပါဘူး။ ဟောလီးဝုဒ် ရုပ်ရှင်လောကမှာ ရုပ်ရည် ချောမော လှပ ထင်ပေါ်ကျော် ကြား လူကြိုက်များ တဲ့ ကမ္ဘာကျော် မင်းသား မင်းသမီးကြီးတွေ လက်ထပ်ကြ ကွာရှင်းကြ ချစ်လိုက်ကြ မုန်းလိုက် ကြနဲ့ ခနခန ခွာပြဲနေတာဟာ အဓိကတရားခံ ဖြစ်တဲ့ စိတ်သဘောထား မတိုက်ဆိုင်လို့ စိတ်နေသဘောထား မကောင်းလို့ဘဲ ဖြစ်ပါတယ်။

အမှန်တကယ် အရေးကြီးတာက ဘာမှ မမြင်ရတဲ့ (အတွင်းထဲက) ရေအောက်ထဲက ၉၀ရာခိုင်နှုန်းသော စိတ်နေသဘောထားဘဲ ဖြစ်ပါတယ်။ ကုမ္ပဏီ သူဌေး ကို သူ့အလုပ်သမားတွေက ချစ်ခင်လေးစားတာဟာ သူ့ရဲ့ ငွေကြေး ချမ်းသာမှု ကြောင့် လို့ ထင်ရပေမဲ့ တကယ်တော့ အဲဒါကြောင့် မဟုတ်ပါဘူး။ အတွင်းရေးမှူးလေးကို သူဌေးက နေရာပေးတာ ရုပ်ရည် ချောမောပြီး ပညာတတ်လို့လို့ ထင်ရပေမဲ့ အဲဒါ ကြောင့် မဟုတ်ပါဘူး၊ မုန့်ဟင်းခါးသည် ဈေးရောင်းကောင်းတာ အချက် အပြုတ် ကောင်းလို့ လို့ ထင်ရပေမဲ့ အဲဒါ ကြောင့်လဲ မဟုတ်ပြန်ပါဘူး။ အဲဒါတွေ အားလုံးရဲ့ နောက်ကွယ်က လျို့ဝှက်ချက်ဟာ သူတို့ရဲ့ စိတ်နေ သဘောထားကောင်းလို့ဘဲ ဖြစ်ပါတယ်။ အောင်မြင်တဲ့ လူသားတိုင်း ဟာ မမြင်ရတဲ့ အတွင်းထဲက စိတ်နေ သဘောထား ကောင်းမွန်လို့ဘဲ ဖြစ်ပါတယ်။ ကျမ်းစာထဲက စိတ်သဘောထားကြီးတဲ့ သူတွေကို လေ့လာ မိပါတယ်။ ဧသောကို ဖခင်ရဲ့ အမွေဥစ္စာကို မထီလေးစားလုပ်တဲ့ သူလို့ ဘာသာရေး သုတေသီတွေက စွပ်စွဲကြပေမဲ့ တစ်ဘက်ကကြည့်ရင် သူ့အပေါ် ကလိမ် ကကျစ် ကျသွားတဲ့ ညီတော်မောင် ယာကုပ်ကို စိတ်သဘောထား ကြီးစွာနဲ့ ခွင့်လွှတ်ခဲ့တယ်ဆိုတာ တွေ့ရပါတယ်။ ကမ္ဘာဦး ၃၃း၄။ ယာကုပ်ရဲ့ ဦးလေးတော်သူ လာဗန် ဟာလဲ သူ့တူ ယာကုပ်က သူ့ကို လိမ်ညာပြီး သိုးတွေ ဆိတ်တွေ သူ့ သမီးတွေကို ယူသွားတာကို စိတ် သဘောထားကြီးစွာနဲ့ ခွင့်လွှတ်ခဲ့တယ် ဆိုတာ တွေ့ရပါတယ်။ ကမ္ဘာဦး ၃၁း၅၄-၅၅။ စိတ်သဘောထားကြီးတဲ့ သူတွေကြောင့် ယာကုပ် အောင်မြင် ကြီးပွား ခဲ့တာလို့ ဆိုရင် ရပါတယ်။ စိတ် သဘောထားကြီးစွာဖြင့် လောကကြီး ထဲမှာ နေထိုင် ရင်း သခင့် ဘုန်း ထင်ရှားနိုင်ကြပါစေ။

(စိတ်ထား မကောင်းတဲ့ သူကတော့ ဘယ်တော့မှ နေ့ကောင်း နေ့မြတ် နဲ့ ကြုံဆုံရမှာ မဟုတ်ပါဘူး။ စိတ်ထား ကောင်းတဲ့ သူက ဘယ်တော့မှ ဗြိုလ်မွှေတဲ့ နေ့ဆိုးတွေကို တွေ့ကြုံ ရမှာ မဟုတ်ပါဘူး။) *မင်းအောင်သက်လွင်*

၉ နှစ်ပြည့်
အမှတ်တရ

---

## ကျေးဇူးတော်ချီးမွမ်းခြင်း (အယ်ဒီတာ)

သခင့်စကား စာစောင်အား ကိုးနှစ် တိုင်တိုင် (စက်တင်ဘာ ၂၀၀၁ မှ - စက်တင် ဘာ ၂၀၁၀ အထိ) ပြည့်သည့် အထိ လုပ်ဆောင် အစေခံ ခွင့်ပေးသော အဘ ဘုရားသခင် ၏ ဂုဏ် ကျေးဇူးတော်ကို ချီးမွမ်းပါသည်။ ကျွန်တော်သည် ကျမ်းစာကျောင်းဆင်း အမှုတော်ဆောင် ဆရာသမား မဟုတ် ပါ။ ကျွန်တော်သည် စင်ကာပူနိုင်ငံသား မဟုတ်ပါ။ ကျွန်တော့တွင် သာသနာ လုပ်ငန်းအတွက် ရံပုံငွေ မရှိပါ။ သာသနာ အဖွဲ့အစည်း မရှိပါ။ လက်အောက်ခံ ဝန်ထမ်း မရှိပါ။ ပညာ အရည် အချင်း မရှိပါ။ အကျင့်သိက္ခာ သီလ မရှိပါ။ - မရှိပါ။ - မရှိပါ။ ထိုသို့ ဘာမှ မရှိသော ကျွန်တော့အား စင်ကာပူနိုင်ငံတွင် ကိုးနှစ်တိုင် စာပေ အားဖြင့် အစေခံခွင့်ပေးသော ဘုရားသခင်အား အထူးကျေးဇူးတင်ရှိပါသည်။ ကျွန်တော်သည် စင်ကာပူ နိုင်ငံတွင် မိသားစု စားဝတ်နေရေးအတွက် ခေတ္တခန လာရောက် အလုပ် လုပ်နေသော သာမာန်လူ အလုပ်သမား ယုံကြည်သူ အသင်းသား တစ်ဦး သာ ဖြစ်ပါ သည်။ ကျွန်တော်နှင့်အတူ ရှုပါရုံချင်း၊ ခံယူချက်ချင်း၊ ဝါသနာချင်း၊ အစေခံလိုချင်း၊ စိတ် သဘောချင်း တူညီ၍ အတူလက်တွဲကာ သခင့်စကား စာစောင်၌ ပါဝင်ဆက်ကပ်ကြကုန်သူ အားလုံးနှင့်တကွ စာမူပေးပို့ သက်သေခံ ရေးသားသူများ။ ကွန်ပျူတာ စာရိုက် ပေးသူများ။ မိတ္တူ ကူးပေးသူများ။ ငွေကြေး ပါဝင် လှူဒါန်းသူများ။ လက်ဆင့်ကမ်း ဖြန့်ချိ ပေးသူများ။ ဝေဖန် အကြံပေးသူများနှင့် ဖတ်ရှု အားပေး ခွန်အားယူကြသူ မိဘညီအစ်ကို မောင်နှမ များ အားလုံးကို အထူး ကျေးဇူး တင်ရှိပါကြောင်း ကိုးနှစ်ပြည့် အမှတ်တရ အဖြစ် ရေးသား ဂုဏ်ပြုလိုက်ပါသည်။

---

မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်။ (နိုင်ငံရေး၊ လူမျိုးရေး၊ ဂိုဏ်းဂန နှင့် ငြိစွန်း ပါတ်သက်သော စာမူများကို လုံးဝ လက်မခံပါ )
**Min Aung Thet Lwin, Blk 76A #30-02, Red hill road, Singapore 151076**
**E-mail; min_atl @ yahoo.com.sg (( Phone (65) 81222320 ))**
((သခင့်စကား စာစောင်ကို www.jbcs.org.sg တွင် အခမဲ့ ဖတ်ရှုနိုင်ပါသည် ))
မင်း အောင် သက် လွင် မှ စုဆောင်း ထုတ် ဝေ သည်

